မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၃)၊ အမှတ်(၃၅၁)

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
၂၀၂၄ ခုနှစ်၊ ဧပြီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့်ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများအား တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ အောင်ဆန်းခန်းမတွင် တွေ့ဆုံ၍အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**


**ဆောင်းပါး** **ရာသီဥတုပြောင်းလဲခြင်းနှင့် ယင်း၏ နောက်ဆက်တွဲဆိုးကျိုးများ** စာ - ၁၃ သို့

**မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း** စာ - ၂၄ သို့

**တမူးမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၁၄၈၀၇ ဧက ရိတ်သိမ်းပြီးစီး** စာ - ၄ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၃ ရက်)

# ပြည်သူတို့၏ရည်မှန်းချက်ပန်းတိုင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏ဆန္ဒဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေး၊ အခြေခံကျသည့်အုတ်မြစ်မှာ တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်သည်။

ထိုသို့ကျင်းပနိုင်ရန်ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်သည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့်နိုင်ငံအဖြစ်သို့ရောက်ရှိရန်မှာ နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကိုလေးစားလိုက်နာခြင်းတို့ ရှိနေရမည်ဖြစ်သည်။

နိုင်ငံရေးအရသဘောထားကွဲလွဲမှုများ၊ လက်နက်ကိုင်ပဋိပက္ခများ၊ သွေးခွဲသပ်လျှိုမှုများ၊ စည်းလုံးညီညွတ်မှုလျော့နည်းလာမှုများ၊ နိုင်ငံ့အကျိုးကို လျစ်လျူရှု၍ကိုယ်ကျိုးစီးပွားရှာဖွေမှုများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အားနည်းမှုများ၊ နိုင်ငံ့အရင်းအမြစ်များကိုပျက်စီးအောင်ဖျက်ဆီးနေမှုများရှိနေခြင်းသည် နိုင်ငံ၏ အလှကိုပျက်စီးစေသည်။ ပြည်သူတို့၏လူမှုစီးပွားဘဝများကိုထိခိုက်စေမည်ဖြစ်သည်။ နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ကာကွယ်ရေးအင်အားစုများအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည့်အစား ကွဲပြားနေသောနိုင်ငံရေးအင်အားစုတို့၏ ငါတကော ကောမှုများ၊ ဖွဲ့ထုတ်စည်းရုံးမှုများသည် နိုင်ငံ့အကျိုးနှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အမြော်အမြင်ကင်းမဲ့စွာ နိုင်ငံကိုထိခိုက်နစ်နာစေသည့်လုပ်ဆောင်မှုများသာဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့တွင်လည်း ခေါင်းဆောင်လုပ်သူတို့က လူမျိုးစုအတွင်း ကျဉ်းမြောင်းသည့် လူမျိုးရေးမုန်းတီးမှုဝါဒကိုရိုက်သွင်း၍ အလွန်အကျွံလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိပြီး ခြံကြီးထဲတွင် ခြံငယ်ခတ်ရန်၊ လှေကြီးပေါ်လှေငယ်တင်ရန်၊ ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန် ပိုမိုအားထုတ်လျက်ရှိနေသည်ကို သတိတရားဖြင့် ကာကွယ်ထိန်းသိမ်းကြရန်လိုအပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းကပင် အေးအတူပူအမျှနေထိုင်လာကြသူများဖြစ်သည်။ မြန်မာ့မြေတွင်ထူးခြားသည်မှာ နေရာဒေသတစ်ခုတွင် တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းနေထိုင်ခြင်းမျိုးမဟုတ်ဘဲ အားလုံးသည်စုပေါင်းညီညွတ်စွာနေထိုင်ကြခြင်းဖြစ်သည်။ ထို့ကြောင့်လူမျိုးရေးမုန်းတီးမှုဖန်တီးနေခြင်းမှာ လုံးဝမဖြစ်သင့်သည့်အရာဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် ဖြစ်ခဲ့ရသည့် နိုင်ငံရေးအပြောင်းအလဲအပြီးတွင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်ကြေညာထားသော NUG လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် အခြားဒေသအလိုက် ကာကွယ်ရေးအဖွဲ့အမည်ခံ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အုပ်စုအမျိုးမျိုးတို့ ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် အချုပ်အခြာအာဏာကို ထိခိုက်ပျက်စီးစေရန်ရည်ရွယ်ပြီး အကြမ်းဖက်မှုမျိုးစုံကို ကျူးလွန်လျက်ရှိနေသည်။ထို့ကြောင့်နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကိုဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန်မဖြစ်မနေလိုအပ်သည့်အချိန်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံရေးမပြေလည်မှုများကြောင့် လက်နက်ကိုင်လမ်းကြောင်းသို့ရောက်ရှိနေသည့် အဖွဲ့အစည်းများအနေဖြင့် အစဉ်သဖြင့် ဖွင့်လှစ်ပေးထားသည့် တွေ့ဆုံဆွေးနွေးရေးများဖြင့် NCA လမ်းကြောင်းမှတစ်ဆင့် နိုင်ငံတော်ထာဝရတည်ငြိမ်အေးချမ်းရေးအတွက်အဖြေရှာကြရန်လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံပျက်စီးရေးကိုရှေးရှုကာ အချို့သောပြည်ပနိုင်ငံများ၊ အကြမ်းဖက်အားပေးမီဒီယာများအနေဖြင့် ပြည်သူလူထုအသိမှား၊ အမြင်မှား၊ အလုပ်အကိုင်မှားအောင် ကောလာဟလများကိုဖြန့်ချိ၍ အဆိုးမြင်စိတ်ခံစားမှုကို အဆုံးထိမြှင့်တင်ပေးပြီး ပြည်သူကိုစတေးကာ နိုင်ငံရေးအမြတ်ထုတ်မှုများကိုလည်း အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် သတိထားကြရမည်ဖြစ်သည်။ တော်လှန်ရေးဟူ၍အမည်တပ်ကာ ယင်းတို့အားထောက်ခံသူများနှင့် မသိနားမလည်သူများ၏ ဘဝများကိုရင်းနှီးစတေး၍အာဏာကိုအချောင်ရယူရန် ကြိုးပမ်းအမြတ်ထုတ်နေကြသူများ၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ လိမ်လည်လှည့်ဖြားကာ ကိုယ်ကျိုးရှာသူများကိုလည်း ဝိုင်းဝန်းဖော်ထုတ်နိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူ့အတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကိုအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။ ထိုသူများ၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် ပြည်သူတို့၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။ ပြည်သူတို့၏ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူလက်တွဲပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

**နေပြည်တော်၊ အားကစား**

# ဘော်လီဘော ပိုက်ကျော်ခြင်း ဘောလုံးအားကစားနည်းများနှင့် မြန်မာ့သိုင်းပညာသင်တန်းများသင်ကြားပေးလျက်ရှိ

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် YGW (YELLOW GENERATION WAVE) အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်း၌ အားကစားနှင့်ကာယပညာဦးစီးဌာနမှကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်းများဖြစ်သည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘောလုံးအားကစားနည်းများနှင့် မြန်မာ့သိုင်းပညာသင်တန်းများကို ဧပြီလ ၂ ရက် နံနက်ပိုင်းတွင် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအားကစားသင်တန်းများဖွင့်လှစ်ရခြင်းမှာ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိရှိ အသုံးချစေရန်၊ ကိုယ်ခန္ဓာကြံ့ခိုင်ကျန်းမာစေရန်၊ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးစေရန်၊ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်နိုင်စေရန်၊ ရိုးရာအားကစားနည်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘောလုံးအားကစားနည်းများနှင့် မြန်မာ့သိုင်းပညာသင်တန်းသို့ စုစုပေါင်း ၁၆၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းတွင် နည်းပြနှစ်ဦးဖြင့် နံနက် ၇ နာရီခွဲမှ ၈ နာရီခွဲထိ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(၄၁၃)

**မြိတ်၊ ပညာရေး**

# အခြေခံစာတတ်မြောက်ရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်လှစ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်ခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများနှင့်တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းကို ဧပြီလ ၂ ရက် နံနက်ပိုင်းတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဇော်က အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး ခရိုင်ပညာရေးမှူး ဒေါ်လှလှအေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် မနီပြုံးနိုင်ငြိ အသိပညာပေးဗီဒီယိုကလစ်ပြသရာ သင်တန်းဖွင့်ပွဲတက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာများ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်၊ ခရိုင်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများက ကြည့်ရှုအားပေးကြသည်။

သင်တန်းသို့ မြိတ်တက္ကသိုလ်၊ မြိတ်ကျွန်းစု၊ တနင်္သာရီ၊ ကော့သောင်းမြို့နယ်တို့မှ သင်တန်းသားဆရာ၊ ဆရာမ ၁၂၀ ဦး တက်ရောက်ပြီး မတ်လ ၂ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းနည်းပြငါးဦးက ဆွေးနွေးပို့ချပေးသွားမည်ဖြစ်သည်။ ဧပြီလ ၆ ရက်မှ မေလ ၁၅ ရက်အထိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် မြို့နယ်များအလိုက် ရပ်ရွာလူမှုအခြေပြု၊ လုပ်ငန်းခွင်အခြေပြု၊ မိသားစုအခြေပြုပုံစံ စာသင်ဝိုင်းများဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အကြောင်းအမျိုးမျိုးကြောင့် ငယ်စဉ်က မူလတန်းပညာကိုပြီးဆုံးအောင် မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများ၊ လူဦးရေနှင့်သန်းခေါင်စာရင်းအရ စာမတတ်သူ ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျားဒေသရှိ ပြည်သူများအားလုံး စာတတ်မြောက်ရေး၊ တိုင်းရင်းသားပြည်သူများ နိုင်ငံသားများ၏လူမှုဘဝမြင့်မားရေးအတွက် အခြေခံစာတတ်မြောက်ရန်နှင့် တာဝန်သိနိုင်ငံသားကောင်းဆိုင်ရာ အခြေခံအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၃-၄-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်

၂။ ၁၂း၁၅ Special Music Time

၃။ ၁၃း၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၆း၂၀ K Pop

၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် ဧပြီ ၂

# တက်ဟုန်းပြည်နယ်ခွဲ ကော်ဖီနှင့်စိုက်ပျိုးရေးထုတ်ကုန်များ မိတ်ဆက်ပွဲအခမ်းအနားကျင်းပ




တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲပြည်သူ့အစိုးရနှင့် တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးတို့ ပူးပေါင်းကျင်းပသည့် တက်ဟုန်းပြည်နယ်ခွဲ ကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များ မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဒေါက်တာမျိုးသန့်နှင့် ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများ၊ တရုတ်ကွန်မြူနစ်ပါတီ တက်ဟုန်းပြည်နယ်ခွဲပါတီကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစမ်း၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးနှင့် တက်ဟုန်းပြည်နယ်ခွဲ ကော်ဖီကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တက်ဟုန်းပြည်နယ်ခွဲ ကော်ဖီကုမ္ပဏီများဖြစ်ကြသည့် Hou Gu ကုမ္ပဏီလီမိတက်၊ Yun Cha Wu ကုမ္ပဏီလီမိတက်၊ Hei Rou ကုမ္ပဏီလီမိတက်နှင့် Yi Nuo Chun ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ကုမ္ပဏီများအလိုက် ကော်ဖီများနှင့် စိုက်ပျိုးရေးထုတ်ကုန်များကို မိတ်ဆက်ပြသသည်။

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ တက်ဟုန်းပြည်နယ်ခွဲပါတီကော်မတီအတွင်းရေးမှူးက တက်ဟုန်းကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးနှင့် ကော်ဖီအဓိကတင်ပို့ရောင်းချသည့်နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ ကော်ဖီတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီဗဟိုအဖွဲ့ကို ၂၀၂၂ ခုနှစ် မေလ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး၊ အဓိကပို့ကုန်တစ်ခုအဖြစ် တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံအတွင်း ကော်ဖီတိုးချဲ့စိုက်ပျိုးရာတွင် ကော်ဖီတန်ဖိုးကွင်းဆက်လုပ်ငန်းများဖွံ့ဖြိုးမှုရရှိစေရေးတို့အတွက် အရှိန်အဟုန်မြှင့် အထောက်အကူပြုဆောင်ရွက်နိုင်ရန် မြန်မာ့ကော်ဖီပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့(Myanmar Coffee Export Promotion Task Force) ကို မိမိတို့ဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့ဖြင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် Road Map နှင့် Action Plan တို့ ရေးဆွဲရန်၊ ကော်ဖီကဏ္ဍအတွက် အာဆီယံနိုင်ငံများသို့ လေ့လာရေးသွားရောက်နိုင်ရေးစီစဉ်ဆောင်ရွက်ရန်၊ ကော်ဖီဈေးကွက်ဖွံ့ဖြိုးရေးကုန်စည်ဒိုင်တစ်ခုတည်ထောင်ဖွင့်လှစ်ရေး စီမံချက်ရေးဆွဲအဆိုပြုရန်နှင့် ကော်ဖီပို့ကုန်တိုးတက်ရေး လုပ်ငန်းအဖွဲ့အနေဖြင့် ကော်ဖီဗဟိုအဖွဲ့အား အထောက်အကူပြုရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ ကော်ဖီအများဆုံးစိုက်ပျိုးထုတ်လုပ်သည့်ဒေသဖြစ်ပြီး နိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှု၏ ၉၅ ရာခိုင်နှုန်းရှိသည်ဟု သိရပါကြောင်း၊ ယူနန်ပြည်နယ်၏ ကော်ဖီထွက်သည့်ဒေသများတွင်တစ်ခုအပါအဝင်ဖြစ်သည့် တက်ဟုန်းပြည်နယ်ခွဲတွင် ယခင်က ကုန်းနိမ့်ကော်ဖီကို စိုက်ပျိုးသော်လည်း ယခုအခါ ကုန်းမြင့်ကော်ဖီကိုသာ အများဆုံးစိုက်ပျိုးနေသည်ဟု သိရှိရပါကြောင်း၊ ကော်ဖီထွက်သည့်ဒေသဖြစ်သောကြောင့် မြန်မာကော်ဖီလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကော်ဖီအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် နည်းပညာမျှဝေခြင်း၊ အသိပညာပေးဝေခြင်း အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန်လည်း ဖိတ်ခေါ်ပါကြောင်း။

ယနေ့ကျင်းပသည့် မိတ်ဆက်ပြပွဲတွင် တက်ဟုန်းကော်ဖီကုမ္ပဏီရှစ်ခုမှ ကော်ဖီစေ့၊ ကော်ဖီမှုန့်၊ အသင့်ဖျော်ကော်ဖီ၊ လက်ဖက်ခြောက်တို့ကို အဓိကပြသထားသည်ကို တွေ့ရှိရပါကြောင်း၊ တက်ဟုန်းပြည်နယ်အနေဖြင့် မြန်မာနိုင်ငံမှ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ယခုကဲ့သို့ ကော်ဖီအပါအဝင်ပြပွဲများလာရောက်ပြသနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာကော်ဖီလုပ်ငန်းရှင်များနှင့် ညီနောင်လုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း တရုတ်နိုင်ငံ၏ ကော်ဖီအပါအဝင် ကုန်သွယ်မှုကဏ္ဍအသီးသီး၏ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့မှု စသည့်တန်ဖိုးကွင်းဆက်ကိုလေ့လာပြီး နှစ်နိုင်ငံအကြား အလားအလာရှိသည့်ကဏ္ဍများတွင် ကုန်သွယ်မှုပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တက်ဟုန်းပြည်နယ်အနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ပြီး ကော်ဖီမိတ်ဆက်ပွဲကျင်းပကာ တက်ဟုန်းကော်ဖီလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့အကြား တွေ့ဆုံဆွေးနွေးခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြန်မာနိုင်ငံအတွင်း မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ဟုန်းပြည်နယ်ခွဲပြည်သူ့အစိုးရနှင့် တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများကို ညစာဖြင့်တည်ခင်းဧည့်ခံကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန် ဧပြီ ၂

# သင်္ကြန်ကာလ အများပြည်သူပျော်ရွှင်စွာရေကစားနိုင်ရန် ခရိုင်/မြို့နယ်များ၌ ဗဟိုမဏ္ဍပ် ၄၃ ခု၊ ရေကစားမဏ္ဍပ် ၁၇၆ ခု၊ လမ်းလျှောက်သင်္ကြန်နှစ်ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီးတွင် သင်္ကြန်ကာလ အများပြည်သူပျော်ရွှင်စွာရေကစားနိုင်ရန် ခရိုင်/မြို့နယ်များ၌ ဗဟိုမဏ္ဍပ် ၄၃ ခု ရေကစားမဏ္ဍပ် ၁၇၆ ခု လမ်းလျှောက်သင်္ကြန်နှစ်ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေး(ဒုတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည်။ ရန်ကုန်တိုင်းဒေသကြီး ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားတွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပြည်သူ့ရင်ပြင်၌ အများပြည်သူပျော်ရွှင်လွတ်လပ်စွာပါဝင်ရေကစားနိုင်ရေး တိုင်းဒေသကြီးဌာနဆိုင်ရာ ရေကစားမဏ္ဍပ် ၁၀ ခု၊ လမ်းလျှောက်သင်္ကြန်တစ်ခု၊ ဖျော်ဖြေရေးမဏ္ဍပ်တစ်ခု၊ မြို့တော်ခန်းမတွင် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်အား ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ခရိုင်/မြို့နယ်များတွင် ဗဟိုမဏ္ဍပ် ၄၃ ခု၊ ရေကစားမဏ္ဍပ် ၁၇၆ ခု၊ လမ်းလျှောက်သင်္ကြန်နှစ်ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေးက ပြည်သူ့ရင်ပြင်တွင် ရေပိုက်လိုင်းတပ်ဆင်ထားရှိမှု၊ လမ်းလျှောက်သင်္ကြန်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ယိမ်းအဖွဲ့များအား အခြားမဏ္ဍပ်များသို့ လှည့်လည်ကပြနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဇင်းနောက် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ မဏ္ဍပ်များနေရာချထားရေးနှင့် ကြံ့ခိုင်မှုစစ်ဆေးရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ လူမှုရေးနှင့်ဘာသာရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းကော်မတီနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းကော်မတီအလိုက်တာဝန်ရှိသူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ကြရန် ပြောကြားသည်။

မဏ္ဍပ်များတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးမည့်အစီအစဉ်များပါဝင်ကြောင်းနှင့် မြို့တော်ခန်းမရှေ့ မဟာသင်္ကြန်မဏ္ဍပ်တွင် ဌာနဆိုင်ရာကိုယ်စားပြုယိမ်းအဖွဲ့များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ဖျော်ဖြေမှုများဖြင့် နေ့စဉ်အလှည့်ကျ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဝန်းရံခ**

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

အစ်ကိုတွေ ဝိုင်းအော်ကြသည်။ နောက်ဆုံးတော့လည်း သည်အစ်ကိုတွေလက်ထဲမှာ အောင့်ကိုမိသွားသည်။ ကြုကြုလည်း ကပျာကယာ သူ့အိပ်ခန်းရှိရာ အိမ်ပေါ်ထပ်ကို ပြေးတက်ပြီး အခန်းတံခါးကို ပိတ်လိုက်သည်။ ထိုအချိန်က အောင့် တစ်ကိုယ်လုံး ရေချိုးသလို ချွေးတွေရွှဲနစ်နေပြီး မျက်နှာမှာလည်း မျက်ရည်တွေနှင့် ချွေးတွေရောပြီး စိုနေတာကိုတွေ့ရသည်။ နဖူးတွင် ဝဲကျနေသော ဆံစများသည် ချွေးနှင့်စိုပြီး ကပ်နေသည်။

"ကျွန်တော် မကျောဘူး၊ ကျွန်တော်မကျောဘူး" သာ ထပ်တလဲလဲပြောရင်း အောင်က ငိုတော့သည်။ အဖေက အောင့်ကို မျက်နှာမာရမလို၊ ပျော့ရမလို အဓိပ္ပာယ် အရှာရခက်သော မျက်နှာထားမျိုးနှင့် . . .

"ကိုယ့်ထက် အကြီးပဲ၊ အကြီးကို ပြန်လုပ်လို့ ဘယ်သင့်တော်မလဲ" ချော့သလို၊ မာန်သလိုလည်းပြောသေးသည်။

"အကြီးက မတရားသဖြင့် လုပ်တာပဲ" အောင်က တစ်ခွန်းခံပက်သည်။

စိတ်ထဲက နည်းနည်းမှ မကျေနပ်။ ရင်ထဲ၌ တိတ်တိတ်တေးထားသည်။ အလုပ်အကိုင်တွေ ဘာတွေရလျှင် သူတို့နှင့် ဘယ်နည်းနှင့်မှ အတူမနေတော့။ အဝေးက ငွေရေးကြေးရေး ထောက်ပံ့ချင် ထောက်ပံ့မည်။ သူတို့အားလုံးနှင့် တတ်နိုင်သမျှ ဝေးဝေးနေမည်။ ဒါစကတည်းက ရည်မှန်းထားခဲ့သည်။ ယခုတော့ သည်ညတွင်ပင် ဝေးဝေးပြေးချင်သည်။

**အခန်း(၁၉)**

"အဲဒီညက ကျွန်တော်အိမ်က ထွက်လာခဲ့သေးတယ်၊ ထွက်ပြေးတာလည်း မဟုတ်ဘူး၊ အဝတ်အစားလည်း မပါဘူး၊ မြို့အစွန်ကို လမ်းလျှောက်ရင်း ထွက်ခဲ့တာ၊ နေဝင်ပြီး မိုးချုပ်စပြုနေပြီ၊ သူတို့ကို အကြောင်းလည်းမကြားခဲ့ဘူး၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ထင်ချင်လည်း ထင်ပါစေ၊ ငါတို့ ဆိုးလို့၊ မတရားဖိနှိပ်လို့ အောင်သေရတယ်လို့ မျက်ရည်တွေကျပြီး နောင်တတစ်ချက် ရရင်တော်ပြီလို့ စိတ်ထဲအောက်မေ့ခဲ့တာ၊ အမှန်ကတော့ ကျွန်တော် မဆင်ခြင်တာ၊ မိန်ကလေးတစ်ယောက်တည်း ညအချိန် ဘယ်လောက်ကြောက်ဖို့ကောင်းလည်း၊ အရက်မူးသမားတွေ တွေ့တာနဲ့ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ အိမ်ဘက်ကို လှည့်ပြန်ခဲ့ရတယ်"

> " စိတ်ထဲက နည်းနည်းမှမကျေနပ်။ ရင်ထဲ၌ တိတ်တိတ်တေးထားသည်။ အလုပ်အကိုင်တွေ ဘာတွေ ရလျှင် သူတို့နှင့်ဘယ်နည်းနှင့်မှ အတူမနေတော့။ အဝေးက ငွေရေးကြေးရေး ထောက်ပံ့ချင် ထောက်ပံ့မည်။ သူတို့အားလုံးနှင့်တတ်နိုင်သမျှ ဝေးဝေးနေမည်။ ဒါစကတည်းက ရည်မှန်းထားခဲ့သည်။ ယခုတော့ သည်ညတွင်ပင် ဝေးဝေးပြေးချင်သည်။ . . ."

"အောင်အောင်လေး"

သည်လို နာမည်တပ်ပြီး ကိုလတ်က ပထမဦးဆုံးအကြိမ် ညည်းညူလေသည်။

လေသည် တရကြမ်းတိုက်ခတ်လာရာ သစ်ရွက်သစ်ခက်တို့သည် လေတိုးသဖြင့် လှုပ်ခတ်နေသည်။

လျှပ်ပန်းတွေသည် ဝင်းခနဲ လက်ခနဲ ပြိုးပြက်နေ၏။

"အဲဒီတုန်းကလည်း လျှပ်စီးတွေလက်နေတယ်၊ ကျွန်တော်လှည့်ပြန်ခါနီးတော့ သင်္ချိုင်းကုန်းနေရာတောင်ရောက်နေပြီ၊ ကျွန်တော်တစ်လမ်းလုံး အော်ငိုလာတဲ့အသံလည်း ရုတ်တရက်တိတ်သွားတယ်၊ ရှေ့မှာလည်း အရက်မူးသမားသုံးယောက် ဒယီးဒယိုင်နဲ့ လာနေကြတယ်၊ စိတ်ထဲအားလည်း အားငယ်လာတယ်၊ တစ်ခါမှ မကြောက်ဖူးတာ ကြောက်သလိုဖြစ်လာတယ်၊ ကျွန်တော်တရကြမ်း ပြန်ပြေးတာပဲ၊ အဲဒီတော့ မိုးတွေကလည်း ရွာလာတယ်၊ ကျွန်တော့်ရှေ့မှာ မီးတုတ်တွေနဲ့ ကျွန်တော့်ကို လိုက်ရှာကြတာ တွေ့ရတယ်။

"လေတဝုန်းဝုန်းတိုက်တဲ့ ကြားထဲမှာ "အောင်ရေ. . . အောင်" လို့ အော်ခေါ်သံတွေ ကြားနေရတယ်။ ဖေဖေ့ အသံရော၊ ကျွန်တော့်အစ်ကိုတွေအသံရော၊ ကားမောင်းတဲ့ကိုအေးရဲ့ အသံတွေရော၊ ဖားသားကြီးရုံးကလူတွေအသံရော ကြားနေရတယ်။ သူတို့လည်း ကျွန်တော်နဲ့ တဖြည်းဖြည်းနီးလာတော့ ကျွန်တော် ဝမ်းနည်းလိုက်တာ စကားမပြောနိုင်ဘူး၊ မျက်ရည်တွေကျလာပြီး ငိုင်ကြည့်နေတယ်၊ ကျွန်တော်ဒူးတွေက အလိုလို ညွှတ်လာတယ်၊ ကျွန်တော့်ကို ဆီးပြီးပွေ့လိုက်တဲ့ အစ်ကိုကြီးရဲ့ လက်ထဲပျော့ခွေလဲကျသွားတယ်၊ အဲဒီတုန်းက ကျွန်တော်. . . ကျွန်တော် သိပ်ဝမ်းနည်းတာပဲ"

အောင်သည် ပြောပြောဆိုဆို အသံက တိတ်သွားတော့သည်။ စကားမဆက်တော့။ ခေါင်းကို ဆံပင်နှင့် ဖုံးကွယ်ရင်းငုံ့ထားလျက် မျက်လွှာချကာ မျက်လုံးများက မြေကြီးပေါ်သာ စိုက်ကြည့်နေသည်။ မျက်ရည်ပေါက်တွေက ဖျတ်ခနဲ ကျဆင်းလာလျက် မြေပြင်ပေါ်သို့ ကျလာလေသည်။ ကိုလတ်သည် အောင့်မျက်နှာကို ဖျတ်ခနဲ လှမ်းငုံ့ကြည့်လိုက်ရင်း. . .

"ပြီးတာတွေလည်း ပြီးခဲ့ပြီပဲ၊ ခုထိ ဝမ်းနည်းနေတုန်းပဲလား"

**ဆက်လက်ဖော်ပြပါမည်။**

---

တမူး၊ စိုက်ပျိုးရေး

## တမူးမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၁၄၈၀၇ ဧက ရိတ်သိမ်းပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၁၄၈၀၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက တမူးမြို့နယ်၌စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ ၁၄၈၀၇ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်သည်။

၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက တမူးမြို့နယ်၌ မိုးစပါး ၁၅၅၇၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက တမူးမြို့နယ်၌ မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၁၅၅၇၆ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက တမူးမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၄၀၉)**

---

ကြံခင်း၊ ကျန်းမာရေး

## ကြံခင်းမြို့နယ်တွင် မွေးကင်းစမှ တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး


ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်တွင် မွေးကင်းစမှ တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဧပြီလ ၂ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် ကျန်းမာရေးဆရာမ ဒေါ်ဝင်းဝင်းကြည်နှင့် သားဖွားဆရာမများက မွေးကင်းစမှ တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အသိပညာပေးဟောပြောခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးကြသည်။

အဆိုပါကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် မွေးကင်းစမှ တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပိုလီယိုရောဂါ၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ(ရိုတာ) ကာကွယ်ဆေးများတိုက်ကျွေးခြင်း၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးခြင်းဖြစ်သည်။

ယခုကဲ့သို့ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို(အပတ်စဉ်) အင်္ဂါနှင့် ကြာသပတေးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၄၄ ˚C |
| မင်းဘူး | ၄၃ ˚C |
| မြင်းခြံ | ၄၂ ˚C |
| ညောင်ဦး | ၄၂ ˚C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၂ ˚C |
| မကွေး | ၄၂ ˚C |
| တောင်တွင်းကြီး | ၄၂ ˚C |
| ဆင်ဖြူကျွန်း | ၄၂ ˚C |
| ပြည် | ၄၂ ˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မချမ်းဘော | (၁. ၃၀)လက်မ |
| ပူတာအို | (၁. ၁၁)လက်မ |
| တမူး | (၀. ၁၂)လက်မ |
| မိုးမိတ် | (၀. ၀၈)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၇ | ၃၉ |
| ရှမ်း(မြောက်) | ၁၈ | ၃၅ |
| ရှမ်း(အရှေ့) | ၁၄ | ၃၆ |
| ရှမ်း(တောင်) | ၁၇ | ၃၃ |
| ချင်း | ၁၄ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၀ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၃ | ၄၂ |
| နေပြည်တော် | ၂၄ | ၃၈ |
| မန္တလေး | ၂၃ | ၄၂ |
| မကွေး | ၂၄ | ၄၃ |
| ရခိုင် | ၂၃ | ၃၅ |
| ပဲခူး | ၂၂ | ၄၀ |
| ရန်ကုန် | ၂၂ | ၃၉ |
| ဧရာဝတီ | ၂၂ | ၃၈ |
| ကယား | ၂၂ | ၃၈ |
| ကရင် | ၂၄ | ၃၈ |
| မွန် | ၂၄ | ၃၈ |
| တနင်္သာရီ | ၂၂ | ၃၈ |

နေပြည်တော် ဧပြီ ၂

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။




အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်စပ်လျဉ်း၍ အစည်းအဝေး ငါးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် လုပ်ငန်းအဖွဲ့များအဆင့်ဆင့်ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ရည်မှန်းချက် တာဝန်များပြီးမြောက်ရေးအရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေပြင်တွင် လက်တွေ့ဆောင်ရွက်နေကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများက တွေ့ကြုံနေသည့်အခက်အခဲများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများရှင်းလင်းတင်ပြခဲ့မှုအပေါ် ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်ပေးခဲ့ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေရေးဆွဲထားရှိမှုကို ဗဟိုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကတင်ပြလာသည့် အကြံပြုချက်များမှ ပြင်ဆင်သင့်သည်များ၊ ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်၍ အပြီးသတ်ရေးဆွဲထားသည့် နည်းဥပဒေ(မူကြမ်း)အား ရေးထုံးရေးနည်းစိစစ်ရန်နှင့် ဥပဒေကြောင်းအရ သဘောထားပြန်ကြားပေးရန် ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ရေးထုံးများစိစစ်ပြီး အကြံပြုချက်များပေးပို့လာပါက အကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်၍ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူပြီး နည်းဥပဒေထုတ်ပြန်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဗဟိုအဖွဲ့အနေဖြင့် ပထမဦးဆုံးဖွင့်လှစ်မည့်သင်တန်းကို ၂၀၂၄ ခုနှစ် ဧပြီလအတွင်းဖွင့်လှစ်ရန် ပြင်ဆင်သတ်မှတ်ခဲ့ပြီး သတ်မှတ်ရက်အတိုင်း ဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များအား ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တို့၏အစီအစဉ်ဖြင့် ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှလည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာသတင်းများ၊ TV Sport၊ ဆောင်းပါးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ ပြည်သူသို့ အသိပေးပြောကြားချက်များ စသည်ဖြင့် ထုတ်လွှင့်ပေးခဲ့ပြီး နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများမှလည်း ပြည်သူ့စစ်မှုထမ်းဆိုင်ရာဆောင်းပါးများ၊ ကဗျာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေး ဖော်ပြပေးလျက်ရှိပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည့် ဆောင်းပါးများကိုလည်း အများပြည်သူကြည့်ရှုနိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန Webportal တွင် တင်ပေးထားပါကြောင်း၊ ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှားဖြစ်စေမည့် ကောလာဟလသတင်းများ၊ သတင်းတု၊ သတင်းမှားများ မဖြစ်စေရေးနှင့် ပြည်သူလူထုအတွင်း သတင်းမှန်များအချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေရေး ပြည်သူ့စစ်မှုထမ်းဆိုင်ရာအချက်အလက်များအား ဆက်သွယ်ရေး Mobile Operator ၄ ခုမှတစ်ဆင့် Short Message Service (SMS) များပေးပို့လျက်ရှိပါကြောင်း၊ ဥပဒေပါကင်းလွတ်ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များအပြင် ဗဟိုအဖွဲ့အစီအစဉ်ဖြင့် သတ်မှတ်ထားသည့် ကင်းလွတ်ခွင့်၊ ပေါ့လျော့ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များကို ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေပေးထားသဖြင့် နိုင်ငံ့ဝန်ထမ်းများကို အသိပညာပေးဟောပြောခြင်း၊ ပြည်သူများသို့ ထပ်ဆင့်ရှင်းလင်းခြင်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ပြီး ပြည်သူများ၏ စိုးရိမ်စိတ်ကို လျော့ကျစေမည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်သူများမှ သိရှိလိုသည်များစုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းများ ဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ဆိုင်သော စုံစမ်းမေးမြန်းနိုင်သည့် တယ်လီဖုန်းများ တပ်ဆင်ပေးထားပြီး ဖုန်းနံပါတ်များကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း၊ စုံစမ်းမေးမြန်းနိုင်သည့် ဖုန်းများတပ်ဆင်ပြီးချိန်မှစ၍ ပြည်သူလူထုက စိတ်ပါဝင်စားစွာ စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့သည်ကိုတွေ့ရပါကြောင်း၊ ပြည်သူလူထု၏ စုံစမ်းမေးမြန်းမှု၊ သတင်းပေးပို့ဆောင်ရွက်ချက်များအပေါ် အလေးအနက်ထား ဖြေကြားဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် စာရင်းဇယားများပြုစုရာ၌ စနစ်တကျဖြစ်စေရေးနှင့် SOP တွင် သတ်မှတ်ပေးထားသည့် ပုံစံများဖြည့်သွင်းရာတွင် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုအဖွဲ့မှ Excle Format များရေးဆွဲ၍ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေပေးထားပြီး ဖြည့်သွင်းမည့်အချက်များအား နည်းစနစ်မှန်ကန်စွာ ဖြည့်သွင်းနိုင်ရန် Online မှ သင်တန်းပို့ချပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း မြို့နယ်အဖွဲ့များအထိ ဆင့်ပွားသင်တန်းများပို့ချသွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ အချက်အလက်များကို စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်းထားနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းကောက်ယူခြင်း၊ ဆေးစစ်ခြင်းနှင့် အကျုံးဝင်သူများကို ဆင့်ခေါ်ခြင်းများဆောင်ရွက်လျက်ရှိရာ ပေးပို့လာသည့်စာရင်းများတွင် ပြည်သူ့စစ်မှုထမ်းရန် ကိုယ်တိုင်ဆန္ဒပြုသူများစွာ ပါဝင်သည်ကိုတွေ့ရပါကြောင်း၊ သို့သော်လည်း ဆန္ဒပြုသူများအနေဖြင့် အမှန်တကယ်ဆန္ဒပြုသူများဖြစ်ရန်လိုအပ်ပြီး အတင်းအကျပ် ဆန္ဒပြုစေခြင်းမျိုးမရှိစေရေး အောက်ခြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရပ်/ကျေးအဆင့် တာဝန်ရှိသူများအား သေချာစွာကြပ်မတ်လမ်းညွှန်ရန်လိုအပ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆောင်ရွက်နေမှုအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက လူမှုကွန်ရက်များတွင် သတင်းတု၊ သတင်းမှားများဖြန့်ဝေခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား ခြိမ်းခြောက်မှုများ ဆောင်ရွက်နေသည်ကို တွေ့ရှိနေရပါကြောင်း၊ သတင်းတု၊ သတင်းမှားဖြန့်ဝေသူများ၊ ခြိမ်းခြောက်သူများအား ဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုမှ သတင်းပေးလာမှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများက သတင်းအဖြစ်သာထားရှိခြင်းမပြုဘဲ အဆင့်ဆင့်ဖော်ထုတ်အရေးယူဆောင်ရွက်ရန်လိုမည်ဖြစ်ပါကြောင်း၊ သို့မှသာသတင်းတု၊ သတင်းမှားဖြန့်ဝေခြင်းနှင့် ခြိမ်းခြောက်မှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများအနေဖြင့် တွေ့ကြုံရသည့် အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နည်းဥပဒေနှင့်စပ်လျဉ်းသည့်အကြံပြုချက်များကို တင်ပြပေးစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေးနှင့် သတ်မှတ်အရေအတွက် ပြည့်မီစွာသင်တန်းစေလွှတ်တက်ရောက်နိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များကလည်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူများ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖွင့်လှစ်ထားသည့် Call Center များတွင် တာဝန်ထမ်းဆောင်ကြသူများကို ယဉ်ကျေးစွာပြောဆိုဖြေကြားနိုင်သူများအား တာဝန်ပေးအပ်ပြီး ပြည်သူများက သိရှိလိုသည်များမေးမြန်းမှုအပေါ် အလေးအနက်ထားဖြေကြားရန်လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကိစ္စရပ်များအား မြေပြင်တွင်ဆောင်ရွက်နေကြသူများအနေဖြင့် စစ်မှုထမ်းရန် အကျုံးဝင်သူများအား စာရင်းဇယားမှန်ကန်တိကျစွာဖြင့် မသမာမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် သက်ကြံန်ကာလရုံးပိတ်ရက်များတွင် မလိုလားအပ်သည့်အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေး၊ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း ကိစ္စရပ်များသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်သဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် စစ်မှုထမ်းရန်သတ်မှတ်ရည်မှန်းချက်ပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် လေ့ကျင့်သင်ကြားစဉ်ကာလ ဆောင်ရွက်ချက်များအပေါ် မှတ်တမ်း/မှတ်ရာများ စနစ်တကျရေးသားပြုစုထိန်းသိမ်းခြင်း၊ မှတ်တမ်းဓာတ်ပုံ/ဗီဒီယိုများ စနစ်တကျရိုက်ကူးမှတ်တမ်းတင်ခြင်းများ ပြုလုပ်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်းပြောကြားသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂

# မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များအားတွေ့ဆုံ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုများနှင့်ပတ်သက်၍ လိုအပ်သူများထံ အကူအညီများ အမှန်တကယ်ရောက်ရှိရေးကို များစွာအလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

အဆိုပါအစီအစဉ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂

# လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်တင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ






ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးနှင့် ဒုတိယလက်ထောက်ဦးစီးမှူးများအတွက် လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်တင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံးအမှတ်(၁)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများနှင့် ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆက်သွယ်ပေးသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ဘာသာရပ်နှင့် ဘာသာစကားနှစ်ခုစလုံးတွင် စွမ်းရည်ပြည့်ဝရန်လိုအပ်ကြောင်း၊ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်တင်မှုသင်တန်း သုံးကြိမ်ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ထမ်းသစ်များ၏ဌာနဆိုင်ရာ အသိပညာဗဟုသုတရရှိရန်နှင့်လုပ်ငန်းခွင်အတွင်း လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခုသင်တန်းကို ပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိမည့် အသိပညာဗဟုသုတများကို ဆက်လက်တိုးပွားအောင် လုပ်ငန်းခွင်နှင့်ပေါင်းစပ်၍ အကျိုးရှိရှိအသုံးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်းနှင့် စဉ်ဆက်မပြတ် လေ့လာဆည်းပူးစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် မိမိတို့တာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနအပေါ် သစ္စာရှိရန်နှင့် ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာထမ်းဆောင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ဌာနဖွဲ့စည်းပုံ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခွဲပူးပေါင်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေရေးရာကိစ္စရပ်များ၊ ဖွံ့ဖြိုးမှုစီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များ၊ အာဆီယံအပေါင်းတစ်လွတ်လပ်သော ကုန်သွယ်မှုဒေသများ၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူများက ပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီလ ၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ




ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တက်ဟုန်းပြည်နယ်ခွဲတို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မှတ်စု**

# အသေးစား အငယ်စား အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသည့် ညောင်ဦးမြို့နယ် အနောက်အုံကျေးရွာ

ညောင်ဦးမြို့နယ်သည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည်နှင့်အညီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည်သာမက အညာလက်ဆောင်ပုန်းရည်ကြီး၊ ထန်းလျက်စားသောက်ကုန်လုပ်ငန်းနှင့်ယွန်းထည်လုပ်ငန်းတို့မှာလည်း မြန်မာပြည်တစ်ဝန်း လူသိများလှသည်။ အဆိုပါလုပ်ငန်းများအပြင် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ပဲကြော်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ပဲခွဲစက်လုပ်ငန်း၊ ဆီခွဲစက်လုပ်ငန်းနှင့်ဆီစက်လုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။



ပဲကြော်လုပ်ငန်း

ညောင်ဦးမြို့နယ် အနောက်အုံကျေးရွာ၌ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ပဲကြော်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ဆီခွဲစက်လုပ်ငန်း၊ ဆီစက်လုပ်ငန်းများကို တောင်သူလုပ်ငန်းနှင့်အတူ တွဲဖက်လုပ်ကိုင်လျက်ရှိသည်။

အနောက်အုံကျေးရွာသည် ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်းမကြီးပေါ်ရှိ ရွှေလှိုင်းရွာမှ သုံးမိုင်ခန့်အကွာတွင်တည်ရှိပြီး ကျေးရွာအရောက် ကွန်ကရစ်လမ်းခင်းထားသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်ရွာတစ်ရွာဖြစ်ကာ ကျေးရွာ၌အိမ်ခြေ ၄၃၀ ရှိပြီး လူဦးရေ ၁၈၀၀ ခန့်ရှိသည့်ရွာကြီးတစ်ရွာဖြစ်သည်။

အနောက်အုံကျေးရွာ၌ စီးပွားဖြစ်ပဲကြော်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးရှိပြီး ဒေသခံအမျိုးသား၊ အမျိုးသမီးများအတွက် အလုပ်အကိုင်ဖန်တီးပေးလျက်ရှိသည်။ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမျိုးသမီးတစ်ဦးလျှင်လုပ်အားခငွေကျပ် ၅၀၀၀ ရရှိသည်။ မင်းထိုက်ပဲကြော်လုပ်ငန်းတွင် လုပ်သား ၅၀ ဦးခန့်ရှိပြီး သာမန်ကာလတွင် ၃၀ ဦးရှိကာ ဈေးကွက်လိုအပ်ချက်များပါက ၅၀ ဦးအထိရှိကြောင်း၊ ပဲကြော်လုပ်ငန်းကို ၂၀၀၃ ခုနှစ်က စတင်လုပ်ကိုင်ခဲ့ပြီး ပဲကြော်၊ ရွှေဥကြော်၊ စားတော်လုံး၊ တရုတ်ပဲပွ၊ ပဲဆန်ကြော်များ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။ နေ့စဉ် ပျမ်းမျှကုန်ချိန်ပိဿာ တစ်ထောင်မှ နှစ်ထောင်အထိထုတ်လုပ်ရောင်းချလျက်ရှိသည်။



ထန်းလျက်လုပ်ငန်း

ရရှိလာသည့် ပဲကြော်အပါအဝင်ထုတ်ကုန်များကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးတို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ပဲကြော်အတွက် ပဲအမျိုးမျိုးကို စလင်း၊ ဆင်ဖြူကျွန်းနှင့် ချောက်မြို့တို့မှ အဓိကဝယ်ယူရသည်။

ထို့ပြင် အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် စက်ချုပ်လုပ်ငန်းကိုလည်း အမျိုးသမီးများလုပ်ကိုင်လျက်ရှိသည်ကိုတွေ့ရသည်။ ပုံမှန်စီးပွားဖြစ် စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးခန့် ရှိသည်။ ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကလည်း အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုများဝင်ငွေတိုးရေးစီမံကိန်း၊ အမျိုးသမီးဝင်ငွေတိုးလုပ်ငန်းအစီအစဉ်ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမျိုးသမီး ၁၅ ဦးကို စက်ချုပ်နည်းပညာသင်တန်းအခမဲ့သင်ကြားပေးနိုင်ခဲ့သည်။

အဆိုပါသင်တန်းမှထူးချွန်သည့်သင်တန်းသူ ငါးဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသော စက်ချုပ်လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးခဲ့သည်။

၎င်းအပြင် အဆိုပါကျေးရွာ၌ အခြားအသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ဆီကြိတ်လုပ်ငန်းဖြစ်သည့် ဆီဆုံ ၃၇ ဆုံ၊ ဆီခွဲစက်ငါးခုနှင့် ပဲခွဲစက်လုပ်ငန်းငါးခုတို့ကိုလည်း တွေ့ခဲ့ရသည်။ ကျေးရွာအတွင်း လှည့်လည်လေ့လာရင်း ရွာလယ်လမ်းမကြီးအတိုင်း ပြန်ထွက်အလာတွင် သွပ်မိုး၊ အုတ်ကာထားသည့် လူငယ့်အားမာန်စာကြည့်တိုက်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ရွာထိပ်အရောက်တွင် ကြည်ညိုဖွယ်ရာ ရွှေလက်လှစေတီတော်မြတ်အား ဖူးမြော်ကာ နိုင်ငံ့စီးပွား၊ ဒေသစီးပွားမြှင့်တင်ရေးတွင် အခြေခံကျေးရွာတစ်ရွာဖြစ်သည့် အနောက်အုံကျေးရွာနေပြည်သူများအနေဖြင့် တောင်သူလုပ်ငန်းများကိုအခြေခံ၍ အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွဲဖက်လုပ်ကိုင်နေပုံများကို မြင်ယောင်ရင်း ကြည်နူးဝမ်းသာဖြစ်ခဲ့ရပါတော့သည်။ ။

**ကိုဇော်(ဓာတု)၊ ဒီပါလင်း**

# လက်ဆင့်ကမ်းအမွေ တာဝန်ကျေ

♦ ယနေ့လူငယ်၊ မောင်နှင့်မယ်တို့
သိဖွယ်မှတ်ရာ၊ လေ့လာပါလျှင်
စဉ်လာကောင်းညီ၊ တို့တိုင်းပြည်မှာ
ဖြစ်တည်မယွင်း၊ ရှိနေခြင်းက
ဘေးကင်းစေသား၊ ကာကွယ်အားဖြင့်
ဘိုးဘွားများထွေ တာဝန်ကျေသည်။

♦ တို့ခေတ်ရောက်နေ၊ တာဝန်ကျေဖို့
တိုင်းပြည်ဖွံ့ဖြိုး၊ လှုဂုဏ်တိုးရန်
မျိုးချစ်စိတ်သန်၊ ဇာတိမာန်ဖြင့်
ပြည့်ရန်ချေဖျက်၊ ရန်သွေပျက်အောင်
ဆက်လက်တာဝန် တို့ကျေပွန်မည်။

♦ ခုခါလက်ကမ်း၊ စစ်မှုထမ်းဖို့
ပြဋ္ဌာန်းဥပဒေ၊ တည်လာလေပြီ
ရွှေပြည်နောင်ရေး၊ မြော်ကာတွေးကြည့်
ရင်အေးဖွယ်ရာ၊ တို့ဝန်တာတည့်
တို့မှာတာဝန်၊ တို့ကျေပွန်မှ
ကောင်းမွန်သည့်အခြေ ဆက်လက်နေအံ့။

♦ သင်၏နိုင်ငံ၊ ကာကွယ်ရန်မှာ
သင့်ထံကျရောက်၊ သင်ဝမ်းမြောက်လေ
ယောကျ်ားပီပီ၊ ပြည့်ဇာနည်တို့
တိုင်းပြည်အရေး၊ တာဝန်ပေးက
ရဲရေးရောက်သော်၊ တပ်မတော်မှာ
ပျော်ရွှင်ကာနေ ထမ်းပါလေလော့။

♦ စဉ်လာလက်ကမ်း၊ လူ့သက်တမ်းမှာ
ငြိမ်းချမ်းကြည်သာ၊ ပြည်မြန်မာကို
နောင်လာမျိုးသစ်၊ အမွေဖြစ်၍
စစ်မဲ့ကင်းဝေး၊ ငြိမ်းချမ်းတေးဖြင့်
ပေးအပ်နိုင်ရေး ကြိုးစားပေးစို့။ ။

**အာကာမောင်မောင်**

၂-၄-၂၀၂၄

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံ့ခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၈၀၀၀ | ၃၆၀၀ | ၂၆၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၃၅၀၀ | ၃၇၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၁၅၀၀ | ၂၉၀၀၀ | ၂၄၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၄၀၀၀-၄၅၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၈၀၀-၃၅၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# အလှအပရေးရာခွဲစိတ်မှုနှင့် သတိထားစရာ ဆက်စပ်အန္တရာယ်များ

ဒေါက်တာသံလွင်ထွန်း

ယနေ့ခေတ်တွင် အလှအပရေးရာခွဲစိတ်မှုသည် အရွယ်ရောက်ပြီးသူများ၊ လူလတ်ပိုင်းများတွင်သာမက သက်ကြီးရွယ်အိုများကြားတွင်ပါ ရေပန်းစားလာပါသည်။ အလှအပရေးရာခွဲစိတ်မှုများသည် လူတစ်ဦး၏အသွင်အပြင် မိမိကိုယ်ကိုယ်လေးစားမှုနှင့်ယုံကြည်မှုတိုးတက်စေရန်ရည်ရွယ်သည်။ မျက်နှာနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းအမျိုးမျိုးတို့တွင် အလှအပရေးရာခွဲစိတ်ပြုပြင်မှုများပြုလုပ်နိုင်သည်။ အသားအရေတင်းရင်းစေရန် Botox ထိုးခြင်း၊ ဓာတုဆေးအသုံးပြု၍ မျက်နှာပြင်အရေပြားပေါ်မှ အရေပြားဆဲလ်သေကို ကွာကျစေကာ ကျန်းမာသောဆဲလ်များကို ပြန်လည်တည်ဆောက်စေခြင်း (Chemical Peeling)၊ မေးရိုးပြုပြင်ခွဲစိတ်ခြင်း၊ သွားအလှပြုပြင်ခြင်း၊ စက်ကိရိယာသုံး၍ အပေါ်ယံဆဲလ်သေအလွှာဖယ်ရှားခြင်း (Dermabrasion)၊ နဖူးမြှင့်တင်ပြုပြင်ခွဲစိတ်ခြင်း၊ မျက်ခွံခွဲစိတ်ခြင်း စသည်တို့သည် အများဆုံးပြုလုပ်ကြသည့် အလှအပရေးရာခွဲစိတ်မှုများဖြစ်သည်။

ထိုသို့ခွဲစိတ်မှုများပြုလုပ်ရာတွင် ၎င်းနှင့်ဆက်စပ်သည့်အန္တရာယ်များ၊ နောက်ဆက်တွဲဆိုးကျိုးများလည်းရှိသည်။ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ဆေးဘက်ဆိုင်ရာနည်းပညာနှင့်နည်းစနစ်များ တိုးတက်လာသည့်အတွက် အလှအပရေးရာခွဲစိတ်မှုသည် ပိုမိုဘေးကင်းလာသော်လည်း ခွဲစိတ်မှုလုပ်ငန်းစဉ်ကို မဆောင်ရွက်မီ ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို နားလည်ပြီး ထည့်သွင်းစဉ်းစားထားရန် အရေးကြီးပါသည်။ အောက်ဖော်ပြပါများသည် အလှအပရေးရာခွဲစိတ်မှု၏ ဆက်စပ်အန္တရာယ်များ၊ နောက်ဆက်တွဲဆိုးကျိုးများတွင်ပါဝင်သည်။

### မေ့ဆေးအန္တရာယ်

ခွဲစိတ်မှုတိုင်းတွင် မေ့ဆေး၏နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်နိုင်သည်။ ဓာတ်မတည့်သည့်တုံ့ပြန်မှုများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများနှင့် မေ့ဆေးအပေါ်ဆိုးရွားသောတုံ့ပြန်မှုတို့ တွေ့ကြုံရနိုင်သည်။

> “အလှအပရေးရာခွဲစိတ်မှုတွင် ဘေးကင်းရေးသည် ခွဲစိတ်ပြုပြင်မှုခံယူလိုသူတိုင်းအတွက် အရေးကြီးသောအချက်ဖြစ်သည်။ အလှအပရေးရာခွဲစိတ်မှုကိုပြုလုပ်မည်ဟု စဉ်းစားဆုံးဖြတ်သောအခါတွင် လူတစ်ဦးချင်းစီ၏ အခြေအနေနှင့် မျှော်မှန်းချက်များပေါ်မူတည်၍ တတ်ကျွမ်းနားလည်သည့် ဆရာဝန်နှင့်တိုင်ပင်ဆွေးနွေးပြီး မိမိကိုယ်ပိုင်အသိဉာဏ်ဖြင့် ဆုံးဖြတ်ချက်များချနိုင်သည်အထိ သိရှိလိုသည့် မေးခွန်းများမေးမြန်းကာ ဆောင်ရွက်သင့်ပေသည်. . .”

### ပိုးဝင်ခြင်း

တခြားခွဲစိတ်မှုများကဲ့သို့ပင် ခွဲစိတ်ရာနေရာ၌ ရောဂါပိုးဝင်ရောက်နိုင်ခြေရှိပါသည်။ မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးနောက် သင့်လျော်သောစောင့်ရှောက်မှုပေးခြင်းသည်ဆိုးကျိုးကို နည်းပါးအောင် ကူညီပေးနိုင်သည်။

### အမာရွတ်

ခွဲစိတ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် လူတစ်ဦးချင်းစီ၏ အနာကျက်ခြင်း ဖြစ်စဉ်တို့အပေါ် မူတည်၍ အမာရွတ်ဖြစ်ပေါ်နိုင်သည်။ အမာရွတ်ဖြစ်ပေါ်မှုကို နည်းနိုင်သမျှနည်းအောင်လျှော့ချနိုင်ရန် မည်သို့ပင်ကြိုးပမ်းစေကာမူ အလုံးစုံဖယ်ရှားရန် အမြဲတမ်းမဖြစ်နိုင်ပါ။

### သွေးလုံးနှင့် သွေးရည်ကြည်အလုံး

ခွဲစိတ်ထားသောနေရာရှိ အရေပြားအောက်တွင် သွေးများစုဝေးခြင်းကြောင့် သွေးလုံး သို့မဟုတ် အရည်များစုဝေးလာခြင်းကြောင့် သွေးရည်ကြည်အလုံးများဖြစ်ပေါ်နိုင်သည်။ ၎င်းတို့ဖြစ်ပေါ်လာပါက ဖောက်ထုတ်ရခြင်း သို့မဟုတ် တခြားသောကုသမှုများ လိုအပ်နိုင်သည်။

### အာရုံကြောထိခိုက်မိခြင်း

အလှအပရေးရာခွဲစိတ်မှုသည် တစ်ခါတစ်ရံတွင် အာရုံကြောများကို ယာယီ သို့မဟုတ် အမြဲတမ်းပျက်စီးစေကာ ထုံခြင်း၊ ကျဉ်ခြင်း သို့မဟုတ် ထိခိုက်မိသောနေရာ၌ အာရုံခံစားမှု ဆုံးရှုံးခြင်းတို့ဖြစ်နိုင်သည်။

### ခွဲစိတ်မှုလုပ်ထုံးလုပ်နည်းနောက်ဆက်တွဲ ဆိုးကျိုးများ

အလှအပရေးရာခွဲစိတ်မှုတစ်ခုစီတိုင်းတွင် ၎င်းတို့နှင့်ဆက်စပ်သည့်အန္တရာယ်များ၊ နောက်ဆက်တွဲဆိုးကျိုးများရှိသည်။ ဥပမာ- ရင်သားအလှ ခွဲစိတ်ပြုပြင်ခြင်းတွင်ထည့်သွင်းထားသော ရင်သားအတုပေါက်ပြဲခြင်း၊ ရင်သားအတုတစ်ဝိုက်တွင် အနာရွတ်တစ်သျှူးများ မာကျောလာခြင်းကြောင့် ရင်သားတောင့်တင်း၍ ကျုံ့လာခြင်းနှင့် ရင်သားအာရုံခံစားမှုပြောင်းလဲခြင်း စသည့်နောက်ဆက်တွဲဘေးအန္တရာယ်များရှိနိုင်သည်။

### ခွဲစိတ်ပြီးရလဒ်ကို စိတ်တိုင်းမကျခြင်း

အလှအပရေးရာနှင့်ပတ်သက်၍ ခွဲစိတ်ဆရာဝန်သည် အစွမ်းကုန်အားစိုက်ထုတ်စေကာမူ ခွဲစိတ်ပြီးရလဒ်သည် လူနာ၏ မျှော်မှန်းချက်အား ပြည့်မီနိုင်လေ့မရှိပေ။ ၎င်းမှတစ်ဆင့် စိတ်မကျေနပ်မှုနှင့် စိတ်တိုင်းမကျမှုများဖြစ်ပေါ်စေနိုင်ပြီး ခွဲစိတ်ပြီးရလဒ်ကို ပြုပြင်ရန် သို့မဟုတ် ပိုမိုကောင်းမွန်စေရန်အတွက် နောက်ထပ်ခွဲစိတ်မှုလုပ်ငန်းစဉ်များ လိုအပ်လာနိုင်သည်။

### စိတ်ပိုင်းဆိုင်ရာသက်ရောက်မှု

တချို့သောသူများသည် အလှအပရေးရာခွဲစိတ်ပြုပြင်ပြီးနောက် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်း သို့မဟုတ် ခန္ဓာကိုယ်ပုံပန်းသဏ္ဌာန် ချို့ယွင်းချက်များအပေါ် အလွန်အမင်းအာရုံစူးစိုက်သည့် စိတ်ပိုင်းဆိုင်ရာအကျိုးသက်ရောက်မှုများ ခံစားရနိုင်သည်။

### ရေရှည်နောက်ဆက်တွဲဆိုးကျိုးများ

အလှအပရေးရာခွဲစိတ်မှု၏ နောက်ဆက်တွဲပြဿနာအများစုသည် အချိန်ကြာလာသည်နှင့်အမျှ ပြေလည်သွားသော်လည်း တချို့ဆိုးကျိုးများမှာ ဆက်လက်တည်ရှိနေခြင်း သို့မဟုတ် ပိုမိုဆိုးရွားလာခြင်းတို့ကြောင့် နောက်ပိုင်းတွင် အပိုဆောင်းကုသမှုများ သို့မဟုတ် ခွဲစိတ်မှုများ ဆောင်ရွက်ပေးရန် လိုအပ်သည်။

ထို့ကြောင့် အလှအပရေးရာခွဲစိတ်မှုတွင် ဘေးကင်းရေးသည် ခွဲစိတ်ပြုပြင်မှုခံယူလိုသူတိုင်းအတွက် အရေးကြီးသောအချက်ဖြစ်သည်။ အလှအပရေးရာခွဲစိတ်မှုကိုပြုလုပ်မည်ဟု စဉ်းစားဆုံးဖြတ်သောအခါတွင် လူတစ်ဦးချင်းစီ၏အခြေအနေနှင့် မျှော်မှန်းချက်များပေါ်မူတည်၍ တတ်ကျွမ်းနားလည်သည့် ဆရာဝန်နှင့်တိုင်ပင်ဆွေးနွေးပြီး မိမိကိုယ်ပိုင်အသိဉာဏ်ဖြင့် ဆုံးဖြတ်ချက်များချနိုင်သည်အထိ သိရှိလိုသည့် မေးခွန်းများမေးမြန်းကာ ဆောင်ရွက်သင့်ပေသည်။

ထို့ပြင် မိမိ၏ကျန်းမာရေးအခြေအနေအပြင် ရရှိနိုင်သည့်အန္တရာယ်များ၊ ခွဲစိတ်မှုလုပ်ထုံးလုပ်နည်း၏ ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲပြဿနာများ၊ မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးနောက် လိုက်နာရမည့် ညွှန်ကြားချက်များကို သိရှိထားရမည်။ မိမိခွဲစိတ်မှုပြုလုပ်မည့်နေရာ၊ အဆောက်အအုံနှင့်ပတ်သက်သည့် တရားဝင်အသိအမှတ်ပြုထားမှု၊ သုံးသပ်ချက်များနှင့် သက်သေခံချက်များကို လေ့လာထားရမည်ဖြစ်သည်။

ထိုသို့ လက်တွေ့ကျသောအစီအစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကြောင့် တစ်စုံတစ်ခုမှားယွင်းသွားပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သိရှိထားခြင်းသည် ဘေးအန္တရာယ်ကင်းမှုကို သေချာစေသည့် မရှိမဖြစ်လိုအပ်သော အကြံပြုချက်များဖြစ်သည်။ ခွဲစိတ်ပြုပြင်မှုလုပ်ငန်းစဉ်၏ အဓိကအစိတ်အပိုင်းတစ်ခုသည် ခွဲစိတ်မှုခံယူမည့်သူ၏ အသိပေးသဘောတူညီချက်ရယူမှုဖြစ်သည်။ အလှအပရေးရာခွဲစိတ်မှုအတွက် ဘေးကင်းသောရွေးချယ်မှုပြုလုပ်ရန် လိုအပ်သောအချက်အလက်အားလုံးသိရှိထားရပေမည်။ သို့ဖြစ်ပါ၍ အလှအပရေးရာ ခွဲစိတ်မှုနှင့်သက်ဆိုင်သည့် ဘေးအန္တရာယ်များကိုသတိထားကြစေရန် ထပ်မံဖြည့်စွက်အသိပေးရေးသားလိုက်ပါသည်။

---

မအူပင်၊ စီးပွားရေး

## မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့်ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မိုးမိုးဝင်း၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်မှ ထွက်ရှိသည့်ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး မတ်လပထမပတ်မှစ၍ အရောင်းအဝယ် ကောင်းမွန်နေကြောင်းနှင့် လက်ရှိ ကြက်သွန်နီပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၂၀၀၀၀ အထိ ဈေးရှိကြောင်း သိရသည်။

“ရှမ်းပြည်နယ်ဘက်မှာ အရင်နှစ်တွေကထက် ဒီနှစ်မှာ ကြက်သွန်နီအထွက်နှုန်းနည်းတယ်လို့သိရပါတယ်။ အဲဒီဘက်မှာ အထွက်နှုန်းနည်းနေပေမယ့် ဧရာဝတီတိုင်းဒေသကြီးကိုတော့ ကြက်သွန်နီပုံမှန်အဝင်ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးကို တခြားဒေသတွေကနေ ကြက်သွန်နီတင်ပို့တာတော့နည်းပါတယ်။ လက်ရှိပေါက်နေတဲ့ ကြက်သွန်နီဈေးကလည်း သင့်တင့်တယ်လို့ ပြောရမယ်။ ဈေးကွက်ထဲမှာ ကြက်သွန်နီပိဿာချိန်တော်တော်များများ အရောင်းအဝယ်ဖြစ်နေတယ်။ ပွင့်လင်းရာသီရောက်လာတာနဲ့အမျှ ကြက်သွန်နီအရောင်းအဝယ်ကောင်းလာပါတယ်။ အလှူအတန်းလုပ်တဲ့ကာလတွေဆို ပိုပြီးအရောင်းသွက်လာဖို့ပဲရှိပါတယ်။ တစ်ပတ်ကို ကြက်သွန်နီပိဿာချိန် ၁၀၀၀ နဲ့ အထက် အရောင်းအဝယ်ဖြစ်နေတယ်” ဟု ဒေါ်မိုးမိုးဝင်းကပြောသည်။



မအူပင်မြို့နယ်၌ တစ်ပတ်လျှင် ကြက်သွန်နီပိဿာချိန် ၁၀၀၀ မှ ၁၄၀၀ အထိ အရောင်းအဝယ်ဖြစ်နေပြီး အရောင်းအဝယ်ကောင်းသောကြောင့် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင် (၅၀)ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း (၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် (၃၄)ခရိုင်၌ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၃၄) ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့်အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများသိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။

**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**




## (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့်သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

## (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့်ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့(BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ်(၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်းအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါသည်။

## (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma-Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့(၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma - Farm Machinery) သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန်အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

## (၄) မွေးမြူရေးအတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့်သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ(Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ(Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(၄)နှစ်သင်တန်း၏တတိယနှစ် (ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန်အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

### ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၃၄)ကျောင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက-ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက-ဝွေးချို |
| ၆ | မန္တလေး | ၆ | မဟာအောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက-ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက-တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက-၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက-ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက-တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်န်းကျွန်း | သဃ်န်းကျွန်း | သဃ်န်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက-ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |

စာမျက်နှာ ၁၀ သို့ ⏭

# ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ကျင်းပမည့်ရက် ကြေညာခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သံဃနာယကအဖွဲ့မှ တာဝန်ယူကျင်းပသော (၃၉) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ မြို့နယ်စာဖြေဌာနများတွင် အောက်ပါ အချိန်ဇယားအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| ရက် | ခွင့်ပြုချိန် | ဘာသာ |
|---|---|---|
| ၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် ၁၈-၅-၂၀၂၄ ရက် (စနေနေ့) | မွန်းလွဲ ၁:၀၀ နာရီမှ ၃:၀၀ နာရီထိ | ယဉ်ကျေးမှုကျင့်ဝတ် |
| ၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် ၁၉-၅-၂၀၂၄ ရက် (တနင်္ဂနွေနေ့) | မွန်းလွဲ ၁:၀၀ နာရီမှ ၃:၀၀ နာရီထိ | ဗုဒ္ဓဘာသာမြန်မာစာ |
| ၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် ၂၀-၅-၂၀၂၄ ရက် (တနင်္လာနေ့) | မွန်းလွဲ ၁:၀၀ နာရီမှ ၃:၀၀ နာရီထိ | အခြေခံအဘိဓမ္မာ |

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

ပဲခူး ဧပြီ ၂

# ပဲခူးတိုင်းဒေသကြီး နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ



ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီနှင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲအခမ်းအနားကို ပဲခူးမြို့ တိုင်းဒေသကြီးအားကစားခန်းမကြီး၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နွေရာသီအခြေခံအားကစားသင်တန်းမှ သင်တန်းဆရာများအတွက် ဂုဏ်ပြုငွေနှင့် ဘောလုံး၊ Fitness Dance၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ် သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဘတ်စကက်ဘော၊ မြန်မာ့သိုင်းနှင့် တင်းနစ် သင်တန်းသားများအတွက် သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း၊ လူမှုရေးရာ ဝန်ကြီးက ကြက်တောင်၊ ဘော်လီဘော၊ ပြေးခုန်ပစ် သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် နွေရာသီအခြေခံအားကစား သင်တန်းတက်ရောက်ခဲ့ကြသည့် မြန်မာ့သိုင်း၊ ဘောလုံး၊ ကရာတေးဒို၊ ဘတ်စကက်ဘောနှင့် Fitness Dance သင်တန်းသား၊ သင်တန်းသူလေးများက အားကစားနည်း အလိုက် သရုပ်ပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သရုပ်ပြ အားကစားသမားများအား ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီနှင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ် သည့် နွေရာသီအခြေခံအားကစားသင်တန်း တွင် အားကစားနည်း ၁၀ မျိုး၊ သင်တန်း သား၊ သင်တန်းသူဦးရေ ၆၅၇ ဦးအား မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ် သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် ဧပြီ ၂

# အစိုးရဓမ္မာစရိယစာမေးပွဲ (ဆဋ္ဌနေ့) ကျင်းပ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၄ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဆဋ္ဌနေ့)တွင် နိုင်ငံတစ်ဝန်း ရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၂၁၆၀ ပါး/ဦးအနက် ၉၄၈၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၉၉ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

ဓိးပင်ကြီး ဧပြီ ၂

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကျင်းပ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာ ပြည်)တွင် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ အသိပညာ ပေးဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရတနာခန်းမ၌ကျင်းပရာ နိုင်ငံ့ ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာထမ်း၊ အမှုထမ်း များ စုစုပေါင်း ၅၁၀ တက်ရောက်ခဲ့ကြ သည်။

အခမ်းအနားတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်)ပါမောက္ခချုပ် ဦးကျော်စိုးက ဝန်ထမ်းများကို ယခင်က ပြည်သူ့စစ်မှုထမ်းဥပဒေ၏ သမိုင်းကြောင်း နောက်ခံအခြေအနေများနှင့် ပြည်သူ့ စစ်မှုထမ်းဥပဒေပါပြဋ္ဌာန်းချက်များကို တိတိ ကျကျ သဘောပေါက်နားလည်စေရန် ပထမ အကြိမ် ရှင်းလင်းပြောကြားပြီးဖြစ်ပါ ကြောင်း၊ ယခုပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြုလိုက်သည့် နောက်ဆက်တွဲပါ ပြည်သူ့စစ်မှုထမ်းဆောင် ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များအား အချိန်နှင့်တစ်ပြေးညီ သိရှိစေရေး ထပ်မံဖြည့်စွက်အသိပညာပေး ဟောပြောရခြင်းဖြစ်ပါကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ကိုယ်တိုင်သိရှိရုံ သာမက မိမိမိသားစုနှင့် ပတ်ဝန်းကျင်ပြည်သူ များကိုပါထပ်ဆင့်မျှဝေရှင်းလင်း၍ အသိပညာ ဝေငှနိုင်ရေး သေချာစွာမှတ်သားကြစေလိုပါ ကြောင်းပြောကြားသည်။

ဆက်လက်၍ ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါ်ဝင်းဝင်းမာက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြု လိုက်သည့် နောက်ဆက်တွဲပါ ပြည်သူ့စစ်မှု ထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့်ရွှေ့ဆိုင်းခွင့်များကို ပြည်သူ့ စစ်မှုထမ်းဥပဒေပါ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်း ခွင့်များနှင့်ယှဉ်တွဲဆွေးနွေးခဲ့ပြီး တက်ရောက် လာသည့် အရာထမ်းများနှင့် အမှုထမ်းများက သိလိုသည်များ မေးမြန်းကြသည့်အပေါ် ဖြေကြားဆွေးနွေးမှုများပြုလုပ်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားများကြောင့် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုခွင့်ဆုံးရှုံးခဲ့သူများအတွက် နိုင်ငံတော်မှ အထူး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးမှု”** ခေါင်းစဉ်ဖြင့် ၃-၄-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

⏭ စာမျက်နှာ ၉ မှအဆက်

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်းတည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက(ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက(တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက-နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက-ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက-ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

ရန်ကုန် ဧပြီ ၂

# (၂၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့သို့ထွက်ခွာ

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့တွင် ၂၀၂၄ ခုနှစ် ဧပြီလ ၃ ရက်မှ ၆ ရက်အထိ ကျင်းပပြုလုပ်မည့် (၂၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Air Asia လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများက လေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

(၂၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများအား ယခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ယူကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နေပြည်တော် ဧပြီ ၂

# ခရီးသွားကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာဆွေးနွေးပွဲကျင်းပ




ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ခရီးသွားကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာဆွေးနွေးပွဲ(Investment Forum)ကို ယနေ့တွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနကြီးမှူးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ B.O.T ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံအတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းမိုင်ပေါင်း လေးသောင်းကျော်ရှိသည့်အနက် လမ်းမိုင်သုံးထောင်ကျော်အား B.O.T စနစ်ဖြင့် ခွင့်ပြုပေးထားပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်ထားသော အာရှအဝေးပြေးလမ်းမကြီးများနှင့် ချိတ်ဆက်သည့် B.O.T လမ်းများကိုလည်း အာဆီယံစံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ B.O.T လမ်းများ အရည်အသွေးပြည့်မီစေရန် အကဲဖြတ်အညွှန်းကိန်းများ Key Performance Indicators ( KPIs ), International Roughness Index (IRI) များဖြင့် စစ်ဆေးခြင်း၊ လုပ်ငန်းသစ်များခွင့်ပြုပေးနိုင်ရေး စိစစ်တင်ပြခြင်း၊ B.O.T စာချုပ်များ ပြင်ဆင်ချုပ်ဆိုခြင်း၊ ခေတ်ကာလနှင့်အညီ လမ်းအသုံးပြုခနှုန်းထားများပြင်ဆင်နိုင်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

ခရီးသွားကဏ္ဍမြှင့်တင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းများကို B.O.T စနစ်ဖြင့် ဆောင်ရွက်ရာတွင် လိုက်နာရမည့်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်ရှိဆောင်ရွက်နေသည့် B.O.T ကုမ္ပဏီများ၏ အတွေ့အကြုံ၊ အခက်အခဲများနှင့် စိန်ခေါ်မှုများကို မျှဝေဆွေးနွေးသွားမည်ဖြစ်သည့်အတွက် ယနေ့ Forum သို့ တက်ရောက်လာသူများအနေဖြင့် သိသင့်သိထိုက်သော အကြောင်းအရာများဖြစ်၍ စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးပြီး အတွေ့အကြုံကောင်းများ ရရှိလိမ့်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေနှင့် အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာရည်မှန်းချက်များ၊ အာဆီယံမှ ရေးဆွဲအတည်ပြုထားပြီးဖြစ်သော အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် အစိုးရ၊ ပုဂ္ဂလိကကိုယ်စားလှယ်များ ပူးပေါင်းပါဝင်သည့် Working Group ငါးဖွဲ့ကိုဖွဲ့စည်းပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအဖြေရှာဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်လာစေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organ- ization-DMO)များဖွဲ့စည်းပြီး ခရီးသွားမြှင့်တင်ရေးအတွက် DMO Forum များကို ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆောက်လုပ်ရေးကဏ္ဍနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ပေါင်းစပ်ညှိနှိုင်းနိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွေးနွေးဖော်ထုတ်အဖြေရှာဆောင်ရွက်စေလိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက Video Clip ဖြင့် အမှာစကားပြောကြားပြီး ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အစိုးရ - ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ၊ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးနှင့် တိုက်ရိုက်ဆက်သွယ်သည့် ရန်ကုန် - ပုသိမ်လမ်း၊ ပုသိမ် - ငွေဆောင်လမ်း၊ ပုသိမ် - ချောင်းသာလမ်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ B.O.T လမ်းများတွင် ကြုံတွေ့ရသည့် အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစီအစဉ်ပထမပိုင်းအပြီးတွင် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် **ခရီးသွားလာမှုလုပ်ငန်းကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ**ကိုကျင်းပရာ ကဏ္ဍများအလိုက်ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့လိုက်ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏မေးခွန်းမေးမြန်းခြင်းများကို ပြန်လည်ဖြေကြား၍ ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် Forum သည် ကိုဗစ်-၁၉ ရောဂါကြောင့် လျော့နည်းကျဆင်းခဲ့ရသည့် မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်ကောင်းမွန်လာစေရန်၊ အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် B.O.T စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းစဉ်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ (SDGs) အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များထားရှိပြီး ဦးစားပေးအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်နိုင်မည့် အခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် B.O.T လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂

# အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိပြီး အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံ၊ စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအလုပ်ရုံ၊ ဓာတ်အားခွဲရုံ၊ ရေသန့်စင်စက်ရုံ၊ သံရည်ကျိုအလုပ်ရုံတို့တွင် တပ်ဆင်ထားရှိသည့်စက်ပစ္စည်းကိရိယာများအား စစ်ဆေးပြုပြင်နေမှု၊ စက်ပစ္စည်းကိရိယာများတပ်ဆင်နေမှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံပြန်လည်လည်ပတ်နိုင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်မှစ၍ ယနေ့အထိဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိပြီး သိမ်းဆည်းထားရန်၊ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့် အလုပ်ရုံခွဲ ၁၉ ရုံတို့ရှိ စက်ပစ္စည်းကိရိယာများပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ စက်တပ်ဆင်ရေးလုပ်ငန်းများကို သတ်မှတ်အရည်အသွေးများနှင့် ကိုက်ညီမှုရှိအောင် ကြပ်မတ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများပြီးစီးပါက လွတ်လပ်သောပြင်ပ ပညာရှင်များအဖွဲ့ (Third Party) ဖြင့် စစ်ဆေးသွားရန်၊ နိုင်ငံတော်အတွက် လိုအပ်သည့် အထူးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်ရန်၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မိမိတစ်ဦးတည်း တတ်မြောက်နေရုံဖြင့်မပြီးဘဲ လက်အောက်ဝန်ထမ်းများကိုလည်း လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံစားရိပ်သာ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပုဒ်မများကို အသေးစိတ်ပြန်လည်ရှင်းလင်းပြောကြားပြီး ယခုရှင်းလင်းပြောကြားခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ဝန်ထမ်းများ၏ ဆွေမျိုးများ၊ နီးစပ်ရာအသိုင်းအဝိုင်းတို့တွင် ထပ်ဆင့်ပြန်လည်ရှင်းလင်းပြောကြားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကိုကျင့်သုံးသည့်နိုင်ငံရှိသလို မကျင့်သုံးသည့်နိုင်ငံများလည်းရှိကြောင်း၊ အချို့နိုင်ငံများတွင် အရေးပေါ်အခြေအနေဖြစ်ပေါ်မှသာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်က တစ်ဦးချင်းစီ၏ သဘောဆန္ဒအရသာ စစ်မှုထမ်းဆောင်ခဲ့ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေသည် ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးသည့် နိုင်ငံများအတွက် အလွန်အရေးပါသည့် ဥပဒေဖြစ်ကြောင်းများကို ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသည့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂

# နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စက်မှုလယ်ယာကူးပြောင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအား လျာထားချက်ပြည့်မီစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင် တောင်သူများ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ပြီး တိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို တန်ဖိုးမြှင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းဆီထွက်သီးနှံများမှထုတ်လုပ်သောစားသုံးဆီဖြင့် လုံလောက်အောင်သုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ကျစေနိုင်မည်ဖြစ်သောကြောင့် ဆီထွက်သီးနှံတိုးမြှင့်ထုတ်လုပ်ရေးနှင့် အထွက်နှုန်းပိုမိုထွက်ရှိအောင် ပန်းတိုင်ရည်မှန်းချက်များထွက်ရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ နို့နှင့်နို့ထွက်ပစ္စည်းများ ဖူလုံအောင်ထုတ်လုပ်နိုင်ရေးအတွက် နို့စားနွားနှင့် နို့စားကျွဲများ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထုတ်လုပ်မှုစွမ်းအားတိုးတက်လာစေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌ စက်ကိရိယာများအသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့်အသုံးပြုနိုင်ရေးအတွက် စနစ်တကျ လယ်ယာမြေများဖော်ထုတ်ခြင်း၊ တောင်သူများ လုပ်ငန်းခွင်အဆင့်တိုင်းတွင် စက်ကိရိယာအသုံးပြုနိုင်ရန် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကို ဖြန့်ဖြူးရောင်းချပေးခြင်း၊ အသုံးပြုနိုင်ရန် စီမံပေးခြင်းတို့ဖြင့် ခေတ်မီနည်းစနစ်များသုံးပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂

# သင်္ကြန်ယိမ်းအဖွဲ့များ သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်နေမှုအား ဒုတိယဝန်ကြီး ဒေါ်နုမြဲ့ ကြည့်ရှုအားပေး

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက်ကျင်းပနိုင်ရန်၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများ မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ဌာနဆိုင်ရာများအလိုက် သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်နေကြပြီဖြစ်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့်နေပြည်တော်လမ်းလျှောက်သင်္ကြန်တို့တွင် သင်္ကြန်အကအလှများဖြင့် ဖျော်ဖြေရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လေ့ကျင့်ရေးကဇာတ်ရုံ၌ ယိမ်းအဖွဲ့များ ဇာတ်တိုက်လေ့ကျင့်နေမှုကို ဒုတိယဝန်ကြီး ဒေါ်နုမြဲ့နှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် “ကဲကြမယ် ဒီရေပွဲ” တေးသီချင်းဖြင့်လည်းကောင်း၊ နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် “တစ်နှစ်နွမ်း တစ်နှစ်ဆန်း”နှင့် “နွေဦးကဗျာ” တေးသီချင်းတို့ဖြင့်လည်းကောင်း ပါဝင်ကပြဖျော်ဖြေသွားကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရာသီဥတုပြောင်းလဲခြင်းနှင့် ယင်း၏နောက်ဆက်တွဲဆိုးကျိုးများ

ယနေ့ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို မကြာခဏကြားနေရသည်။ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများတွင် မကြာခဏလျှင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်းများကို မကြာခဏကြားသိနေရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဟုဆိုရပေမည်။ ရာသီဥတုပြောင်းလဲမှုသည် အာတိတ်ဒေသရေခဲလွှာများအရည်ပျော်ပျောက်ဆုံးလာခြင်းကြောင့်လည်းဖြစ်သည်။ ထိုဖြစ်စဉ်ကြောင့် ကျွမ်းကျင်ပညာရှင်များက ရာသီဥတုပြောင်းလဲမှုဒဏ်ကို ရင်ဆိုင်ဖို့ပြင်ဆင်ထားစေလိုကြောင်းပြောကြားသည်ကိုလည်း သိရှိရသည်။

**ကမ္ဘာကြီးပူနွေးလာမှုနှင့်ရာသီဥတုပြောင်းလဲခြင်း**

ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း၏ ပထမတရားခံမှာ လူသားများပင်ဖြစ်သည်။ လူသားများသည်မိမိတို့အတ္တကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်ရှိလူတို့သည် ရုပ်ကြွင်းလောင်စာများကို အလွန်အမင်းသုံးစွဲလာကြသည်။ ထို့ကြောင့် ကမ္ဘာ့လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များစုဝေးရောက်ရှိလာသည်။ ကာဗွန်ဓာတ်ငွေ့များပြားလာခြင်းသည် ယနေ့အရှိန်အဟုန်ဖြင့်တိုးတက်နေသော စက်မှုလုပ်ငန်းများကြောင့်လည်းဖြစ်သည်။ ထို့ပြင် ယနေ့ကမ္ဘာကြီးပူနွေးလာခြင်းသည် ကာဗွန်ဓာတ်ငွေ့အပြင် မီသိန်းဓာတ်ငွေ့ကြောင့်လည်းဖြစ်သည်။ မီသိန်းဓာတ်ငွေ့သည် ကာဗွန်ဓာတ်ငွေ့ထက်ဆိုးသည်ဟုသိရသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ထက် အဆ ၂၀ ပိုပူသည်ဟုဆိုသည်။ ကမ္ဘာ့အပူချိန်မြင့်တက်မှုနှင့် ရာသီဥတုပြောင်းလဲမှုသည် လူတို့ကြောင့်ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့ ၆၀ ရာခိုင်နှုန်းနှင့်ကာဗွန်ဓာတ်ငွေ့ ၄၀ ရာခိုင်နှုန်းကြောင့်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစိုးရများအကြား ဆက်သွယ်ညှိနှိုင်းရေးအဖွဲ့ IPCC (Intergovernmental Panel on Climate Change)၏အစီရင်ခံစာအရ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် သုည ဒသမ ၃ ဒီဂရီစင်တီဂရိတ်မှ သုည ဒသမ ၆ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာခဲ့သည်ဟုဆိုသည်။ နောက်တစ်ချက် ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့်လည်း ကမ္ဘာကြီးပူနွေးမှုဖြစ်စဉ်ကိုဖြစ်စေသည်။ ထိုအခါ ကမ္ဘာ့ရာသီဥတုသည်လည်းပြောင်းလဲလာခဲ့သည်။

လွန်ခဲ့သော ၂၀၀၁ ခုနှစ် IPCC အစီရင်ခံစာ၌ စက်မှုလုပ်ငန်းမှထွက်ပေါ်လာသော ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် ကမ္ဘာ့အပူရှိန်မြင့်တက်လာသည်ဟုဆိုထားကြောင်းသိရသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် နေမှကျရောက်လာသော ရောင်ခြည်တန်းများကို ကမ္ဘာ့အပြင်ဘက်သို့ပြန်ထုတ်ပေးနိုင်ခြင်းမရှိတော့သဖြင့် ကမ္ဘာကြီးပူနွေးလာတော့သည်။ ယင်းဖြစ်စဉ်သည် ကမ္ဘာ့ရာသီဥတုအပေါ်သက်ရောက်မှုရှိလာသည်။ ရာသီဥတုပြောင်းလဲခြင်းသည် လူသားတို့၏ပယောဂကြောင့်ဟု IPCC ၏ ၂၀၁၄ အစီရင်ခံစာ၌ဖော်ပြထားသည်ဟုဆိုသည်။ ရာသီဥတုပြောင်းလဲခြင်းသည် ကမ္ဘာကြီးပူနွေးမှုနှင့်တိုက်ရိုက်သက်ဆိုင်နေသည်။ ကမ္ဘာကြီးပူနွေးခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့၊ ကာဗွန်ဓာတ်ငွေ့အပြင် အခြားလေထုထဲရှိဓာတ်ငွေ့များကြောင့်ဖြစ်သည်။

**သဘာဝဘေးအန္တရာယ်ဆိုသည်မှာ**

ကမ္ဘာကြီးပူနွေး၍ ဖြစ်ပေါ်လာသောရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များကျရောက်လာသည်။ ယင်းတို့မှာ တောမီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မိုးကြိုးမုန်တိုင်းကျရောက်ခြင်း၊ ဆီးနှင်းများအလွန်အမင်းကျခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများဖြစ်ပေါ်ခြင်း၊ သဘာဝဓာတ်ငွေ့ယိုစိမ့်မှုများဖြစ်ပေါ်ခြင်း၊ စိုက်ပျိုးရေကိုထိခိုက်စေခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစသည်တို့သည် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များဟုဆိုရပေမည်။ တစ်နည်းအားဖြင့် သဘာဝဘေးအန္တရာယ်ဆိုသည်မှာ လူ့ပယောဂကြောင့်မဟုတ်ဘဲ သဘာဝအလျောက်ဖြစ်ပေါ်လာသောအန္တရာယ်များပင်ဖြစ်သည်။

**ရာသီဥတုပြောင်းလဲခြင်း၏ဆိုးကျိုးများ**

ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်ကို မြန်မာနိုင်ငံအပါအဝင်ကမ္ဘာ့နိုင်ငံအသီးသီးခံစားနေကြရသည်။ စာရေးသူတို့နိုင်ငံမှာပင် ရေကြီးရေလျှံမှုများမကြာခဏဖြစ်လေ့ရှိသည်။ ထို့ပြင်၂၀၂၃ ခုနှစ်ဩဂုတ်လကလည်း မိုးအလွန်ရွာသွန်းကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အချို့ရေကြီးရေလျှံဖြစ်ပြီး ဒေသခံ ၁၀၀၀၀ ခန့်ရေဘေးသင့်ခဲ့ရသည်ဟုသိရသည်။

စာရေးသူတို့နိုင်ငံမှာလည်း ရာသီဥတုပြောင်းလဲခြင်း၏ဒဏ်ကိုအသက်ပေါင်းများစွာရင်း၍ပေးဆပ်လိုက်ရသည့်အတိတ်ဆိုးရှိခဲ့သည်။ ယင်းကား ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့က ကျရောက်ခဲ့သောနာဂစ်မုန်တိုင်းပင်ဖြစ်သည်။ လူ၊ အိမ်ခြံမြေနှင့် လယ်ဧကပေါင်းများစွာ ဆုံးရှုံးပျက်စီးခဲ့ရသည်။ ထို့ပြင် ၂၀၂၃ ခုနှစ်က ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောမုန်တိုင်းကြောင့်လည်း ပျက်စီးဆုံးရှုံးမှုများစွာရှိခဲ့သည်။ လွန်ခဲ့သော ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လတို့မှာလည်း ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကြောင့် ဥပရာပနိုင်ငံများတွင် စံချိန်တင်အပူလွန်ကဲမှုများဖြစ်ပေါ်ပြီး တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ခဲ့သည်။ မိုးခေါင်ခြင်းကြောင့်လည်း ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးခဲ့ရကြောင်းသိရသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ကောက်ပဲသီးနှံဖြစ်ထွန်းမှုနည်းပါးသည်။ ရေငတ်ခြင်းတစ်မျိုးတည်းကြောင့်မဟုတ်ပါ။ သစ်ပင်အများစုသည် ကမ္ဘာမြေအတွက်လိုအပ်သော အောက်ဆီဂျင် ၂၀ ရာခိုင်နှုန်းနှင့်ပင်လယ်ရေအောက်ရှိရေညှိရေမှော်ပင်များက အောက်ဆီဂျင် ၇၀ ရာခိုင်နှုန်းကိုထုတ်ပေးသည်။ ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်လာပြီး ကမ္ဘာမြေစိုထိုင်းဆပြောင်းလဲကာ မြေကြီးထဲရှိဒြပ်စင်အမျိုးအစားပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ ထိုဖြစ်စဉ်ကြောင့် အပင်များရှင်သန်မှုနှေးကွေးလာပြီး အပင်များကြုံလှီလာတော့သည်။ ထို့ပြင် အောက်ဆီဂျင်ထုတ်လွှတ်မှုလည်း လျော့နည်းလာသည်။ အောက်ဆီဂျင်လျော့နည်းလာခြင်းသည် လူသားတို့အတွက် အန္တရာယ်ဟုပင်ဆိုရပေမည်။ ထို့ကြောင့်လည်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ရာသီဥတုပြောင်းလဲမှုသည် လူသားများအတွက်အဆိုးဆုံးအန္တရာယ်ဟု ပြောကြားခဲ့သည်။ စာရေးသူတို့နိုင်ငံမှာလည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ၂၀၁၀ ပြည့်နှစ်လောက်ကလည်း အမြင့်ဆုံးအပူချိန် ၄၇ ဒီဂရီဆဲစီးယပ်အထိရှိခဲ့သလို ယခု ၂၀၂၃ ခုနှစ်မှာလည်း အပူချိန် ၄၂ ဒီဂရီအထိရှိခဲ့သည်။ စာရေးသူတို့နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကိုဆိုးဆိုးဝါးဝါးခံစားနေရသည့် နိုင်ငံဟုလည်းဆိုသည်။ တချို့ပညာရှင်များက မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုသည် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၅၀ ပြည့်နှစ်ကာလတို့တွင် သိသိသာသာရှိလာလိမ့်မည်ဟုဆိုကြသည်။ ကမ်းရိုးတန်းဒေသများ၏ပင်လယ်ရေမျက်နှာပြင်သည်လည်း မီတာ ၂၀ မှ ၄၁ မီတာအထိမြင့်တက်လာမည်ဟုခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံအလယ်ပိုင်းမှာလည်း အပူလှိုင်းဖြစ်ပေါ်ခဲ့သည့်အတွက် အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်အထိ ဖြစ်ခဲ့သည့်အတွက် လူအများအပြားသေဆုံးခဲ့ရသည်ဟုသိရသည်။


ဓာတ်ပုံ-အင်တာနက်

ရာသီဥတုပြောင်းလဲမှု၏ဘေးထွက်ဆိုးကျိုးအနေဖြင့် တချို့နေရာများမှာ ရေကြီးခြင်း၊ မုန်တိုင်းဖြစ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူလွန်းခြင်း၊ အအေးလွန်ကဲခြင်း မိုးရွာသွန်းမှုနည်းပါးခြင်းတို့ဖြင့် ကြုံတွေ့လာကြရသည်။ ရေရှားခြင်းကြောင့် စိုက်ပျိုးရေးကိုထိခိုက်စေသဖြင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးကိုပါ ထိခိုက်စေနိုင်သည်။ ဤကားရာသီဥတုပြောင်းလဲလာခြင်း၏နောက်ဆက်တွဲဆိုးကျိုးများပင်ဖြစ်သည်။


ဓာတ်ပုံ-အင်တာနက်

**ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ဖို့လို**

**ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ အဓိကအစသည် ကာဗွန်ဓာတ်ငွေ့၊ မီသိန်းဓာတ်ငွေ့၊ ဖန်လုံအိမ်ဓာတ်ငွေ့စသည်ဖြင့် ဓာတ်ငွေ့ပေါင်းများစွာကိုအခြေခံဖြစ်ပေါ်လာရသည်။ ယင်းဓာတ်ငွေ့ကိုစုပ်ယူနိုင်သည့် သစ်တောသစ်ပင်များကိုထိန်းသိမ်းဖို့လိုသည်။ ယင်းဓာတ်ငွေ့ထွက်ပေါ်စေသည့် အရာများကို လျှော့ချသုံးစွဲဖို့လည်းလိုသည်။ အမှန်စင်စစ် ရာသီဥတုပြောင်းလဲခြင်းသည် လူသားတို့ကြောင့်ဖြစ်သည်။ သစ်တောပြုန်းတီးအောင်ပြုလုပ်ခြင်းသည် အဓိကဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးလျှင် ရာသီဥတုပြောင်းလဲလာမည်ဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့လိုသလို လေထုညစ်ညမ်းစေသည့် အကြောင်းရင်းများကိုလည်း ရှောင်ကြဉ်ကြဖို့လိုကြောင်း** တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား -**

**-သတင်းစာနှင့်ဆောင်းပါးများ။**

**-နာဂစ် ၁၀ နှစ်ပြည့်မဂ္ဂဇင်း။**

**ကိုကျော်စွာ(ကျိုက်ပိ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ကန့်ဘလူ၊ လူမှုရေး

## မြို့နယ်ဌာနဆိုင်ရာများနှင့် ဥစားကြက်မွေးမြူသူ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မဥစားကြက်မွေးမြူရေးဇုန်ရှိ ကြက်မွေးမြူသူလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီလ ၁ ရက် နံနက်ပိုင်းတွင် ကြက်မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငွေဆန်းလှိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်စခန်းမှူး ဦးဇော်လင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြတ်လင်းတို့က အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကြက်ဥပိုမိုထုတ်လုပ်နိုင်ရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးပြီး မီးလောင်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ ဇုန်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် ခြံနှင့်ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားရှိရေး၊ အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် တိရစ္ဆာန်များတွင် အစာနှင့်ရေရှားပါးခြင်း၊ အာဟာရမပြည့်ဝခြင်း၊ကူးစက်ရောဂါများဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် ကြိုတင်ပြင်သင့်သည်များနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ နည်းပညာဆိုင်ရာအကူအညီများ ရယူနိုင်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

မြို့မဥစားကြက်မွေးမြူရေးဇုန်၌ ကြက်မွေးမြူသူ ၃၈ ဦးရှိပြီး ကြက်ကောင်ရေ ၆၁၄၀၀ မွေးမြူလျက်ရှိကာ နေ့စဉ်ကြက်ဥအလုံးရေ ၃၆၀၀၀ ကျော်ထွက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ကျောက်ဆည်၊ စိုက်ပျိုးရေး

## ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းစိုက်ပျိုးနေမှုကို တောင်သူများလာရောက်လေ့လာ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်မြောင်းချောင်းကန်ပေါများသည့်အတွက် ဆန်စပါးအပြင် ဆီထွက်သီးနှံမျိုးစုံ၊ ပဲသီးနှံမျိုးစုံများအား မျှော်မှန်းအထွက်နှုန်းရရှိရေး စီမံကိန်းများရေးဆွဲပြီး စိုက်ပျိုးလျက်ရှိကြောင်းနှင့် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံရေး နွေနှမ်းသီးနှံကို ၃၀၅၄၂ ဧကလျာထားပြီး စိုက်ပျိုးလျက်ရှိရာ ဧပြီလ ၁ ရက်တွင် ကျားကာကျေးရွာအုပ်စု ကွင်းအမှတ်(၂၇၂) တောင်သူဦးကျော်မြင့် စိုက်ပျိုးနေသည့် အထွက်နှုန်းသေချာသော ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော နွေနှမ်းစိုက်ခင်းများအား ပဲခူးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်နှင့် တံတားဦးမြို့နယ် ဆီထွက်သီးနှံဇုန်များမှ တောင်သူများလာရောက်လေ့လာကြည့်ရှုကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ နွေနှမ်းသီးနှံများကို စမာစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းရှိ ပေတောကြီး၊ ဘုံကွင်း၊ စင်းကွန်း၊ ဒါန်းတိုင်၊ ပန်းခွာ၊ ရွှေအင်း၊ စပယ်တောနှင့် လေးဆယ်ကုန်း စသည့်ကျေးရွာတို့၌ အများဆုံးစိုက်ပျိုးကြပြီး ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းသီးနှံများ စိုက်ပျိုးမည်ဆိုပါက မြေအနေအထားပေါ်မူတည်၍ ၃ ပေ၊ ၄ ပေအကျယ် မြေပေါင်များပြုလုပ်ပြီး မျိုးစေ့ချကိရိယာဖြင့် စနစ်တကျစိုက်ပျိုးခြင်းကြောင့် မျိုးစေ့ကုန်ကျမှုသက်သာကြောင်း၊ ရေသွင်းရေထုတ်လွယ်ကူသဖြင့် အပင်ဖြစ်ထွန်းမှုကောင်းမွန်ကာ အထွက်နှုန်းသေချာပြီး တစ်ဧကနှမ်း ၂၈ တင်းမှ ၃၂ တင်းအထိထွက်ရှိကြောင်း နှမ်းစိုက်တောင်သူများက ပြောသည်။

ကျောက်ဆည်မြို့နယ်၌ နွေနှမ်းသီးနှံများကို မင်းရဲမြောင်းရေဖြင့် ၁၁၇၂ ဧက၊ သင်းတွဲမြောင်းရေဖြင့် ၁၁၆၃ ဧကနှင့် နွားတက်မြောင်းရေဖြင့် ၂၂၂၃ ဧက စုစုပေါင်း ၄၅၅၈ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ၂၀၁၉ ဧကစိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျောက်ဆည်(ခရိုင်/ပြန်ဆက်)**

တောင်တွင်းကြီး၊ စိုက်ပျိုးရေရရှိရေး

## ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ဧပြီလ ၁ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးနှင့်တာဝန်ရှိသူများသည် စိုက်ပျိုးရေရရှိရေးအတွက် ၅ ဒသမ ၄ ကီလိုဝပ်ရှိသည့် ဆိုလာရေတင်စနစ်တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများကိုယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၂၅၄ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

ရန်ကုန် ဧပြီ ၂

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝန်ထမ်းမိသားစုများ၏ စုပေါင်းဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ကြည်ညို

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အမှူးပြုသော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝန်ထမ်းမိသားစုများ၏ စုပေါင်း ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာရှင်လောင်းလှည့်အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ရှင်ရဟန်းဒါယကာ၊ ဒါယိကာမတို့က သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ တို့ဖြင့် ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ အစီအစဉ်အတိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် သိရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် စွယ်တော်မြတ်စေတီတော်သို့ အစီအစဉ်အတိုင်း လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ပြန်လည်ရောက်ရှိကြပြီး ထေရဝါဒပသာရဏီသိမ်တော်အနီး၌ ဒုလ္လဘရဟန်းလောင်း ၃၉ ဦး၊ ရှင်သာမဏေလောင်း ၂၁ ဦး၊ သာသနာနွယ်ဝင် သီလရှင်လောင်း ၁၀ ဦးတို့ကို အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်သင်ကြားဆရာတော်များ၊ သီလရှင်ဆရာကြီးများက ကေသစ္ဆေဒနမင်္ဂလာ စုပေါင်းဆံချခြင်း၊ ရှင်ရဟန်းလောင်းအားလုံးတို့က ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံ သင်္ကန်းကပ်၊ သင်္ကန်းတောင်းခြင်း၊ ဥပဇ္ဈာယ်ယူ ဆယ်ပါးသီလ ခံယူဆောက်တည်ခြင်းတို့ ဆောင်ရွက်၍ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ ရှင်သာမဏေအဖြစ်လည်းကောင်း၊ သာသနာနွယ်ဝင်သီလရှင်လောင်းတို့ကလည်း သင်ကြားသီလရှင်ဆရာကြီးတို့ထံတွင် သီလရှင်ဝတ်ခြင်းစသည်တို့ဆောင်ရွက်ကြပြီး ပါမောက္ခချုပ်ဆရာတော်ထံမှ ၈ ပါးသီလခံယူဆောက်တည်၍ သာသနာနွယ်ဝင် သီလရှင်အဖြစ်လည်းကောင်း သာသနာ့အမွေခံယူခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်ရှိ ထေရဝါဒပသာရဏီသိမ်တော်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော် ၃၁ ပါးတို့က ဒုလ္လဘရဟန်းအဖြစ် ခံယူကြမည့် ရဟန်းလောင်း၊ ရှင်သာမဏေလောင်း ၃၉ ပါးတို့ကို ရဟန်းခံယူခြင်းဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ သံဃာ့ကိစ္စများဖြစ်သည့် ဥပဇ္ဈာယ်ယူခြင်း၊ ရဟန်းလောင်းဆုံးမခြင်း၊ ဥပသမ္ပဒကမ္မဝါ ရွတ်ဖတ် ဥပသမ္ပဒကံဆောင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ပါမောက္ခချုပ် ဆရာတော်အမှူးပြုသည့် သင်ကြားဆရာတော် ၃၁ ပါး၊ ဒုလ္လဘရဟန်းတော် ၃၉ ပါး၊ စုစုပေါင်း အပါး ၇၀ တို့အား သိမ်ဆင်းလောင်းလှူ ပူဇော်ကြသည်။

ယင်းနောက် စုပေါင်းရဟန်းခံရှင်ပြု သီလရှင်ဝတ် အလှူတရားတော်နာရေစက်ချ အခမ်းအနားကို တက္ကသိုလ်ရှိ ဘာဝနာမဟာသဘာတရားထိုင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်ဧည့်ပရိသတ်များက ပါမောက္ခချုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်မြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ အကြီးအကဲများနှင့်အလှူရှင်များက ပါမောက္ခချုပ်ဆရာတော် အမှူးပြုသည့် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သင်ကြားဆရာကြီး ၄ ပါးတို့ကို ပြည်ထောင်စုဝန်ကြီး၏ဇနီးနှင့် အမြဲတမ်းအတွင်းဝန်၏ဇနီးတို့က လှူဖွယ်ပစ္စည်းများလှူဒါန်းကြကာ ပြည်ထောင်စုဝန်ကြီးက ဝမ်းမြောက်စကားလျှောက်ထားသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြကာအခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂

# အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေးနှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်တက်ရောက်






အာဆီယံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး (20th ASEAN Central Bank Deputies Meeting-ACDM) နှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယ အကြီးအကဲများအစည်းအဝေး (ASEAN Finance and Central Bank Deputies Meeting-AFCDM) ကို ယနေ့တွင် Hybrid Format ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် အဆင့်မြင့်အရာထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေး (20th ASEAN Central Bank Deputies Meeting-ACDM) ကို ကျင်းပရာ လာအိုနိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး လာအိုနိုင်ငံဗဟိုဘဏ်မှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အကျဉ်းချုပ်အချက်အလက်များကို ရှင်းလင်းတင်ပြရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSMEs)များကို ဘဏ္ဍာငွေဖြည့်ဆည်းရေးအတွက် လိုအပ်ချက်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ငွေလုံးငွေရင်းစာရင်းလွတ်လပ်ခွင့်ပြုရေး (Capital Account Liberalization- CAL)၊ အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework-ABIF)၊ အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ (Financial Inclusion - FINC)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement System-PSS)၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများလွတ်လပ်ခွင့်ပြုရေး(Financial Services Liberalization - FSL)၊ စသည့်လုပ်ငန်းကော်မတီများ၏ နောက်ဆုံးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်စဉ်ဆက်မပြတ်ဘဏ္ဍာရေးအစီအစဉ်များ၊ အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ် (ASEAN Swap Arrangement-ASA)၊ အာဆီယံဒေသတွင်းဆိုက်ဘာလုံခြုံရေးဆိုင်ရာခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များအားမျှဝေခြင်းအစီအစဉ် (ASEAN Cybersecurity Resilience and Information Sharing Platform-CRISP) တို့နှင့်စပ်လျဉ်းသည့် အခြေအနေများကို အာဆီယံအဆင့်မြင့်ကော်မတီ၏သဘာပတိဖြစ်သူမှ ရှင်းလင်းတင်ပြရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှုများပြုခဲ့ကြသည်။

ထို့နောက် လာအိုနိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး (ASEAN Finance and Central Bank Deputies Meeting-AFCDM) ကို ဆက်လက်ကျင်းပရာ AFCDM ၏ ပူးတွဲသဘာပတိများက အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Cooperation -AEC) စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ အေအီးစီလမ်းပြမြေပုံ ၂၀၂၅ (AEC Blueprint 2025) အပေါ် တိုးတက်မှု၊ အာဆီယံအသိုက်အဝန်းဆိုင်ရာမျှော်မှန်းချက် ၂၀၄၅ (ASEAN Community Vision 2045) နှင့် ၂၀၂၄ အာဆီယံ ငွေရေးကြေးရေးပေါင်းစည်းမှု စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ(2024 ASEAN Financial Integration Monitoring Report-AFIMR) နှင့် စပ်လျဉ်း၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဆွေးနွေးတင်ပြသည်။

ယင်းနောက် အာဆီယံလုပ်ငန်းကော်မတီများနှင့် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးအဆင့်မြင့်လုပ်ငန်းကော်မတီ (Senior Level Committee-SLC on ASEAN Financial Integration) တို့နှင့်စပ်လျဉ်းသည့် နောက်ဆုံးတိုးတက်မှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်များအတွက် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီအသီးသီးတို့၏ ပူးတွဲသဘာပတိများမှ ရှင်းလင်းတင်ပြရာ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများက လမ်းညွှန်မှုများပြုခဲ့ကြသည်။

ထို့နောက် (၁၁) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (11th AFMGM) သို့ တင်ပြမည့်ပူးတွဲကြေညာချက်မူကြမ်းနှင့် အစီအစဉ်မူကြမ်းတို့ကို အပြီးသတ်ဆွေးနွေးအတည်ပြုခဲ့ကြပြီး အစည်းအဝေး၏ပူးတွဲသဘာပတိများက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးအားရုပ်သိမ်းခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကိုအတူတကွသုံးဆောင်ကြစဉ်။

> ❝ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများ၊ ရုပ်သံလွှင့်နှင့်ရေဒီယိုအစီအစဉ်များအပါအဝင် သတင်းစာများမှတစ်ဆင့် အသိပေးအကြောင်းကြားနေသော်လည်း ဥပဒေနှင့်နည်းဥပဒေပါ အချက်အလက်များကို အကြောင်းအမျိုးမျိုးကြောင့် မလေ့လာ၊ မသိရှိ၍ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးတို့၏ မမှန်မကန်လှုံ့ဆော်ဝါဒဖြန့်စည်းရုံးမှုအပေါ် ဥပဒေမဲ့လိုက်ပါလုပ်ဆောင်ခဲ့မိပါက မိမိကိုယ်ပိုင်ဘဝ၊ မိသားစုဘဝတို့သည်လည်း အကြောင်းမဲ့ တောထဲ၊ တောင်ထဲတွင် စတေးခံကြရမည့် အဖြစ်ဆိုးများမှလည်း ကယ်တင်နိုင်မည်ဖြစ်. . .❞

★ ရှေ့ဖုံးမှအဆက်

တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ရသည့် မတိုင်မီနှင့် ယနေ့ နိုင်ငံအတွင်းဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လူမှုရေးအခြေအနေများ၊ ကမ္ဘာ့နှင့် အဝှမ်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးပဋိပက္ခနှင့် တင်းမာမှုအခြေအနေများ၊ သစ္စာ ၄ ချက် နေ့စဉ်ရွတ်ဆိုကြရသည့် တပ်မတော်သားအားလုံး တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအား တိုးမြှင့်ရန်လိုအပ်မှုအခြေအနေများနှင့် တိုက်ပွဲစွမ်းရည်တိုးတက်မှုရှိစေရေး စစ်သင်တန်းကျောင်းများတွင် စစ်ပညာရပ်များအား ကြိုးစား၍ လေ့လာ၊ လေ့ကျင့်ရန်နှင့် စစ်မြေပြင်တွင် လိုက်နာအကောင်အထည်ဖော်ရန် လိုအပ်မှုအခြေအနေများ၊ ရန်သူကျင့်သုံးနေသည့် စစ်နည်းဗျူဟာများကို သင်ခန်းစာဖော်ထုတ်၍ တန်ပြန်စစ်ဆင်ရေးဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ တစ်ဦးချင်းကိုယ်စီတိုက်ပွဲစွမ်းရည်တိုးတက်မှုသာ အဖွဲ့လိုက်မှစ၍ အဆင့်ဆင့်တိုးတက်လာမည့် အခြေအနေများ၊ **တစ်ဦးချင်းပြင်းပြင်းထန်ထန် လေ့ကျင့်ရေးမှစ၍ စစ်မြေပြင်တွင် တိကျစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ ရရှိလာမည့် တိုက်ပွဲစွမ်းရည်များကို ပိုမိုထိရောက်အောင်မြင်အောင်၊ ရှိပြီးတိုက်ပွဲစွမ်းအားနှင့် ပေါင်းစပ်အသုံးပြုတတ်ရန် လိုအပ်**မှုအခြေအနေများ၊ **တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားဟန်ချက်ညီပေါင်းစပ်ဆောင်ရွက်တတ်မှသာ တိုက်ပွဲအောင်မြင်မည်ဖြစ်**ကြောင်း၊ တစ်ဦးချင်း မိမိဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာသူများဖြစ်ကြသူများပီပီ မိမိသည် မည်သည့်အတွက် တပ်မတော်သို့ ဝင်ရောက်လာခဲ့သည်ကို အမြဲမပြတ်ဆင်ခြင်ရန်လိုအပ်မှုနှင့် တရားသဖြင့် ပေးအပ်သည့်တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်မှုအခြေအနေများ၊ စစ်ဘက်ခေါင်းဆောင်တစ်ဦးအနေဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကျင့်ကြံရန်လိုအပ်မှု၊ ကျောသားရင်သားမခွဲခြားဘဲ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်နှင့် မိဘသဖွယ်စိတ်ဓာတ်ထားရှိမှုကို အခြေအနေ၊ အချိန်အခါနှင့် နေရာဒေသအလိုက် ဆောင်ရွက်တတ်ရန် လိုအပ်မှု၊ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံအရည်အချင်း ၅ ပါး ပြည့်စုံရန်လိုအပ်မှုနှင့် တပ်မတော်၏ အစဉ်အလာ ၁၂ ရပ်ကို ဆက်လက်ထိန်းသိမ်းလိုက်နာရန်လိုအပ်မှုများအား အကျယ်တဝင့် ဆွေးနွေးပြောကြားပြီးနောက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နှင့် ၁၃ ရက်နေ့တို့တွင် လိုအပ်ချက်အရ ဒို့တာဝန်အရေး ၃ ပါးအား ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံအတွင်းနှင့်ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံရှိ ပဋိပက္ခနှင့်တင်းမာမှုအခြေအနေများအပေါ် မူတည်၍ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ထဲက ဥပဒေရေးသားပြီး အတည်မပြုခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေတို့နှင့် ပတ်သက်၍ အာဏာတည်သက်ဝင်စေမှုအခြေအနေနှင့် အဆိုပါဥပဒေများကို ကျေညက်အောင် လေ့လာမှတ်သား၍ တာဝန်ကျရာဒေသအသီးသီးတွင်ရှိကြချိန်တွင် သတ်မှတ်ချက်အကျုံးဝင်သူပုဂ္ဂိုလ်များနှင့် ဆက်နွှယ်ကြသည့် မိသားစုဆွေမျိုးအသိုင်းအဝိုင်းပါ သိရှိနားလည်သဘောပေါက်အောင် အသိပေးရန် လိုအပ်မှုအခြေအနေ၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများ၊ ရုပ်သံလွှင့်နှင့်ရေဒီယိုအစီအစဉ်များအပါအဝင် သတင်းစာများမှတစ်ဆင့် အသိပေးအကြောင်းကြားနေသော်လည်း ဥပဒေနှင့်နည်းဥပဒေပါ အချက်အလက်များကို အကြောင်းအမျိုးမျိုးကြောင့် မလေ့လာ၊ မသိရှိ၍ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးတို့၏ မမှန်မကန်လှုံ့ဆော်ဝါဒဖြန့်စည်းရုံးမှုအပေါ် ဥပဒေမဲ့ လိုက်ပါလုပ်ဆောင်ခဲ့မိပါက မိမိကိုယ်ပိုင်ဘဝ၊ မိသားစုဘဝတို့သည်လည်း အကြောင်းမဲ့ တောထဲ၊ တောင်ထဲတွင် စတေးခံကြရမည့် အဖြစ်ဆိုးများမှလည်း ကယ်တင်နိုင်မည်ဖြစ်၍ အသိနှင့်ယှဉ်ပြီး ပြောဆိုစည်းရုံးကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ပြင် ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေတို့အား မသိနားမလည်သူများအပေါ် ဥပဒေနှင့်မညီသော ခြိမ်းခြောက်အကျပ်ကိုင်မှုမှတစ်ဆင့် ငွေကြေးနှင့်အခြားအခွင့်အရေးများ ရယူအမြတ်ထုတ်လိုသည့် အောက်ခြေမသမာသူ အကျင့်ပျက်ဝန်ထမ်းအချို့နှင့် အဖွဲ့အစည်းအချို့ပါ ဥပဒေနှင့်အညီဖော်ထုတ်အရေးယူနိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးတို့က သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် နည်းပြများအား လိုအပ်သည့် သင်ခန်းစာများကို ဆွေးနွေးကြရာ သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် နည်းပြအရာရှိများမှလည်း မရှင်းလင်းသည့်အချက်များနှင့် သိရှိလိုသည်များကို မေးမြန်းမှုများအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

---

ရန်ကုန် မေ ၂

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆွေးနွေး

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူးက အခြေခံပညာကျောင်းများဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းသာယာလှပရေးအတွက်ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြသည်။ ၎င်းနောက် သက်ဆိုင်ရာခရိုင်အလိုက် ခရိုင်ပညာရေးမှူးများက ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးများကို ထပ်ဆင့်မှာကြား၍ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းသာယာလှပရေးဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြနှင့် လိုအပ်သည်များမှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အခြေခံပညာအထက်တန်းကျောင်း ၄၀၉ ကျောင်း၊ အလယ်တန်းကျောင်း ၆၆၄ ကျောင်း၊ မူလတန်းကျောင်း ၁၆၈၀ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၃၄ ကျောင်း ရှိကြောင်း သိရသည်။ **ဝန်းရုံခ**

---

နေပြည်တော် မေ ၂

## နိုင်ငံ့ရေရှည်အကျိုးတိုးပွားရေး အရည်အသွေးပြည့်မီသော အင်ဂျင်နီယာ/နည်းပညာရှင်ကောင်းများ မွေးထုတ်ရင်း သုတေသနများမြှင့်တင်ဆောင်ရွက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(ပုသိမ်)ရှိ ကွန်ပျူတာစာမေးပွဲခန်း၌ IT ဌာနမှ ကျောင်းသား၊ ကျောင်းသူများ Programming ဘာသာရပ်ကို စိတ်ပါဝင်စားစွာဖြေဆိုနေမှု၊ ရေးဖြေစာမေးပွဲခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းသား၊ ကျောင်းသူများ စိတ်ရှင်လန်းချမ်းမြေ့စွာဖြေဆိုနိုင်ရေး လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရေးနှင့် စာမေးပွဲစည်းကမ်းများအတိုင်း အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ဆောင်ရွက်ရန်၊ ယင်းနောက်ပိုင်း၌ Academic Calendar အတိုင်း ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာရူပဗေဒဌာနနှင့် အင်ဂျင်နီယာဓာတုဗေဒဌာနတို့ရှိ လက်တွေ့ခန်းများတွင် သင်ထောက်ကူပစ္စည်းသစ်များ ထပ်မံဖြည့်ဆည်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာနရှိ Electrotechnology နှင့် အခြားလက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများကို အခြေခံသီအိုရီမှသည် လက်တွေ့ခန်းအတွင်း သုတေသနပြုစမ်းသပ်မှုမှတစ်ဆင့် ပြင်ပလုပ်ငန်းခွင်ရှိ ပကတိအခြေအနေတို့ကိုပါ ထင်ဟပ်ချိတ်ဆက်ကာ လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်မှုအင်ဂျင်နီယာဌာနတွင် သုတေသနဆောင်ရွက်လျက်ရှိသော ကောက်စိုက်စက် (Paddy Transplanter)ကို ကြည့်ရှုစစ်ဆေးပြီး သမားရိုးကျ ICE ယာဉ်အစား လျှပ်စစ်သုံးယာဉ် (EV)အဖြစ် ပြောင်းလဲဆောင်ရွက်ရန်၊ လုပ်ငန်းခွင်တွင်ပါစမ်းသပ်သုံးစွဲရန်နှင့် လိုအပ်သည်များကိုမှာကြားပြီး အဆောင်(၁)အနီး တပ်ဆင်ထားသော ၂၀ ကီလိုဝပ် ဆိုလာဟိုက်ဘရစ်စနစ်၊ မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်အတိုင်း ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် တက္ကသိုလ်ဝင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)သို့ ရောက်ရှိကာ Internship ဆင်းရန် ပြင်ဆင်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် အမှန်တကယ်အားထားရသော IT နည်းပညာရှင်ကောင်းများအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံ့သားကောင်းရတနာများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံ့ရေရှည်အကျိုးတိုးပွားစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်မည့် အရည်အသွေးပြည့်မီသော အင်ဂျင်နီယာများ၊ နည်းပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တာဝန်ရှိသူများ၏ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကာ တက္ကသိုလ်ဥပဓိရုပ်တင့်တယ်စေရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**(သတင်းစဉ်)**

---

ရန်ကုန် မေ ၂

## ဟိုတယ်လုပ်ငန်းအတွက် ခွင့်ပြုမတည်ငွေနှင့်ရင်းနှီးငွေ ပမာဏ စုစုပေါင်းငွေကျပ် ၂၀၇၄၂၅ ဒသမ ၃၉ သိန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၃၀ သန်းခွင့်ပြုပေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဟိုတယ်လုပ်ငန်းအတွက် ခွင့်ပြုမတည်ငွေနှင့်ရင်းနှီးငွေပမာဏ စုစုပေါင်းငွေကျပ် ၂၀၇၄၂၅ ဒသမ ၃၉ သိန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၆၀ သန်းခွင့်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၂၄)အစည်းအဝေးမှ သိရသည်။

ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် (ပြည်တွင်း/ပြည်ပ) ၆၄ ခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်(ပြည်ပ) ၄၂ ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၂၁ ခု၊ ပြည်တွင်းဘုရားဖူးခရီးသွားဝန်ဆောင်မှုလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၂၂ ခုတို့အား အတည်ပြုပေးခဲ့သည်။ အတည်ပြုပေးခဲ့သော လုပ်ငန်းလိုင်စင်အားလုံးသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ဟိုတယ်လုပ်ငန်းမှ ၁၃၉ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းမှ ၂၉၈ ဦး စုစုပေါင်း ၄၃၇ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအနေဖြင့် (၂/၂၀၂၃)တွင် ဘဏ်လုပ်ငန်းလိုင်စင်ခြောက်ခု၊ ဟိုတယ်တည်ဆောက်ခွင့်တစ်ခု၊ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်နှစ်ခု၊ တည်းခိုရိပ်သာတည်ဆောက်ခွင့်တစ်ခု စုစုပေါင်းအခန်း ၄၇၄ ခန်းတို့ကို အတည်ပြုပေးခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဖြစ်သော ဟိုတယ်လုပ်ငန်းအတွက် ခွင့်ပြုမတည်ငွေနှင့်ရင်းနှီးငွေပမာဏစုစုပေါင်းငွေကျပ်သိန်း ၂၃၁၁၀ ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၈၉ ဦးသာ ခွင့်ပြုပေးနိုင်ခဲ့သဖြင့် (၁/၂၀၂၄)ကြိမ်မြောက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းတွင် ပိုမိုခွင့်ပြုပေးနိုင်ခဲ့သည်။

အဆိုပါအစည်းအဝေးမှ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ဟိုတယ်လုပ်ငန်းလိုင်စင်လေးခု၊ ဟိုတယ်တည်ဆောက်ခွင့်တစ်ခု စုစုပေါင်းအခန်း ၄၅၂ ခန်းတို့ကို အတည်ပြုပေးခဲ့ပြီး ဟိုတယ်လုပ်ငန်းအတွက် ခွင့်ပြုမတည်ငွေနှင့် ရင်းနှီးငွေပမာဏ စုစုပေါင်းငွေကျပ် ၂၀၇၄၂၅ ဒသမ ၃၉ သိန်းနှင့် အမေရိကန် ဒေါ်လာ ၄ ဒသမ ၃၆၀ သန်းဖြစ်ကြောင်း သိရသည်။ **ခင်မောင်တင်**

---

🗗 ကျောဖုံးမှအဆက်

MSC သင်္ဘောလိုင်းမှ လေးစင်း၊ SITC သင်္ဘောလိုင်းမှ လေးစင်း၊ Ti2 CONTAINER သင်္ဘောလိုင်းမှ လေးစင်း၊ BLPL သင်္ဘောလိုင်းမှ သုံးစင်း၊ EVERGREEN သင်္ဘောလိုင်းမှ သုံးစင်း၊ R.C.L သင်္ဘောလိုင်းမှ သုံးစင်း၊ ONE သင်္ဘောလိုင်းမှ နှစ်စင်း၊ PIL သင်္ဘောလိုင်းမှ နှစ်စင်း၊ BAY သင်္ဘောလိုင်းမှ တစ်စင်း၊ I.A.L သင်္ဘောလိုင်းမှ တစ်စင်း၊ LAND AND SEA သင်္ဘောလိုင်းမှ တစ်စင်း စုစုပေါင်းနိုင်ငံတကာကုန်တင်သင်္ဘော ၅၀ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မှုပြုမည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာကုန်တင်သင်္ဘောစင်းရေ ၆၂၉ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ၄၉ စင်း၊ ဖေဖော်ဝါရီလက ၅၃ စင်း၊ မတ်လက ၅၅ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မှုပြုခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာကုန်သွယ်မှုများအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဧရိယာ၌ အပြည်ပြည်ဆိုင်ရာကုန်တင်သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၂၈ စင်းနှင့် သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဧရိယာ၌ အပြည်ပြည်ဆိုင်ရာကုန်တင်သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၂၀ စင်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်တင်**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW April 2

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets trainees of infantry platoon commander course and cadets at Bahtoo Station



Vice-Senior General Soe Win meets trainees of infantry platoon commander course and cadets at Bahtoo Station.

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met trainees of infantry platoon commander course and cadets at the Aung San Hall of Tatmadaw (Army) Combat Training School (Bahtoo) in Bahtoo Station this morning.

Present together with the Vice-Senior General were senior military officers from the Office of the Commander-in-Chief, the Eastern Command commander, instructor officers, trainees and officials.

The Vice-Senior General explained in detail political, economic, defence and social situation of the country from the time Tatmadaw resumed State duties in accord with the Constitution on 1 February 2021 to the present time, global political, economic, military conflicts and tensions, better combat skill of all soldiers who recite the Four Oaths daily, efforts to study military science and practice military techniques at military training schools for enhancement of combat skills and to use them practically in the battle field, the launching of counter-offensives after exposing enemy military tactics and taking them as lessons, gradual development in group-wise combat skill, based on individual progress, combination of the inherited vigor and learned battlefield prowess through hard training and practical application to effectively use them for battle victory, harmonious combination of combat ability and fighting power for battlefield victory, constant understanding of the reason behind their own volition to join the military, dutifulness of the fairly assigned responsibilities and task, the essentiality of 16 leadership traits, good leadership spirit and parental spirit and non-discrimination practice, knowing the time and situation, five basic qualifications for every unit and soldier and the observance of the 12 fine traditions of Tatmadaw. The Vice-Senior General's clarifications also included the enforcement of the people's military service law and reserve force law on 10 and 13 February 2024 respectively to safeguard Our Three Main National Causes based on internal and global conflicts and tensions, the existence of both laws as unsanctioned ones since 4 November 2010, the need to thoroughly study the laws and to share knowledge about them with families and communities of the persons who are within the required age, the plan that is to save the persons and families who are going to sacrifice their lives without a course due to their lack of knowledge about the laws and rules that are being explained by the government through State-owned media, TV and radio and newspapers, the need to organize the people with consideration, the need to provide assistance in a way to expose and take action against corrupted civil servants of the lower levels who are exploiting the innocent persons who totally lack knowledge about the laws through intimidations and pressures that are against the laws.

The chief of defence production, the chief of air defence forces and deputy director of directorate of military engineers shared necessary lessons with trainees and cadets and instructors who asked for more information about the unclear points.

The Vice-Senior General and party enjoyed lunched together with the trainees at the dining hall of Tatmadaw (Army) Combat Training School (Bahtoo).

**100**



Vice-Senior General Soe Win having lunch with the trainees.

BUSINESS

# Kyaiklat Township ships 450,000 fresh areca nuts to Yangon market in February



"A total of 450,000 fresh areca nuts were sent by Kyaiklat Township of Pyapon District in Ayeyawady Region to Yangon market in February," said Daw Myint Myint Maw, owner of areca nut depot in Kyaiklat Township.

Local horticultural farmers in Kyaiklat Township sent 450,000 fresh areca nuts to Yangon market in February, compared with 350,000 areca nuts in January. It fetches Ks-5,500 per 100 nuts.

Daw Myint Myint Maw said, "We ship stocks to Yangon market due to high demand from abroad. So, such kinds of nut must be quality. At present, it fetches Ks-5,500 per 100 areca nuts. Due to high demand in Yangon market, those at areca plant farms can operate their businesses with convenient process."

Merchants go right down to the horticultural farms of areca plants in Kyaiklat Township so as to purchase areca nuts. They systematically package the stocks to be distributed to Yangon market which also ships the stocks to other regions.

**SMK**

BUSINESS

# About 60,000 viss of dried spiny eel sent to Yangon market in February



Daw Thiri, owner of dried fish trading depot in Bogale Township of Ayeyawady Region, said that a total of 59,000 viss of dried spiny eel was sent to Yangon market from Bogale Township in February.

Local fishery businesspersons buy fresh spiny eel from local fishermen and systematically dried them. They sent 59,000 viss of dried spiny eel in February, compared with 47,000 viss of dried ones in January. In March, dried spiny eel of Bogale Township is marketable in Yangon Region.

Daw Thiri explained, "Demand of dried spiny eel is high in Yangon market starting from the first week of February. Dried spiny eel is a main business of local fishermen and business-persons from Bogale Township. Due to high demand, local fishermen can earn increased income."

In Yangon market, dried spiny eel fetches Ks-185,000 per 10 viss. Fishermen, businesspersons and those in the supply chain of dried fish are enjoying the fruits of booming businesses.

**SMK**

AGRICULTURE

# Dabayin Township harvests more than 9,000 acres of winter mallet

Local farmers from Dabayin Township of YeU District in Sagaing Region have harvested 9,131 acres of mallets, according to the statistics of YeU District Agriculture Department.

Starting from February this year, local farmers harvested 9,131 acres of mallets, yielding 15,000 pieces of mallet per acre in 2023-2024 financial year.

U Zaw Myint Tun, Head of YeU District Agriculture Department, said, "So far, local farmers have harvested all acres of mallets in Dabayin Township. We provided agricultural techniques for local farmers to prevent pests at the farms."

Local farmers can sell mallets into the market and stocks of plants as feedstuffs, earning incomes. In 2023-2024 financial year, local farmers planted 9,131 acres of mallets from October to December 2023, exceeding the target of 7,624 acres.

In 2022, they grew 9,131 acres of mallets in Dabayin Township. Moreover, agricultural staff help local farmers conduct training, organize field demonstrations and urge use of pesticides.

**SK**

BUSINESS

# Pulses and beans prices fluctuated in Yangon market

The prices of black gram and red pigeon pea have turned upward while the prices of green gram, chickpea and exported beans and pulses are falling in the market.

From 18 to 20 March, within three days, the prices of black gram and red pigeon pea were continuously decreasing; however, the prices of pulses and beans trending up from 21 to 23 March in the Yangon market.

Prices of green gram, chickpea and exported beans with FOB prices have been trending down within this week. On 16 March, black gram RC price was Ks-3.02 million per tonne, red pigeon pea was Ks-3.863 million per tonne. However, the prices were falling during three consecutive days from 18 to 20 March, it was priced at Ks-2.877 million on 20 March. On the following days, the prices returned up and thus, on 23 March, it was Ks-2.935 million.

The price of red pigeon pea was Ks-3.863 million per tonne on 16 March; Ks-3.65 million on 20 March; and Ks-3.73 million on 23 March. However, the prices did not reach over Ks- 3.8 million. The prices of green gram were Ks-4,000 per viss and black gram Ks-5,900-Ks-6,200 per viss in Yangon market on 16 March. On 23 March, the green gram was Ks-3,880 per viss and gram between Ks-5,725 and Ks-6,000 per viss on 23 March.

Exported black gram, pigeon pea and green gram prices are also falling. From 14 to 16 March, exported bean prices were black gram FAQ US$-965-US$-085 per tonne; SQ/RC US$-1,045-US$-1,065; red pigeon pea US$-1,220-US$-1,240; pigeon pea from central Myanmar US$-730-US$-760; and Shwe Wah big size was US$-830-US$-860. However, on 21-23 March, black gram FAQ was US$-740-US$-760, SQ/RC US$-1,030- US$-1,050, red pigeon pea US$-1,180- US$ -1,200, green gram from central Myanmar US$-690-US$-720 and Shwe Wah big size US$-800-US$-830.

From 18 to 23 March, 90 containers of black gram RC (2,160 tons) and pigeon pea 25 containers (60 tons) were transacted.

On 24 March, black gram price was Ks-90,000 per 20 visses and red pigeon pea Ks-118,800 in Aunglan market. According to the market information from other towns and cities, the prices of pigeon pea are forecasted to be downward due to decreasing demands.

It is reported that pulses and beans prices in domestic market and India market are required to control the price manipulations.

**SK**

UNITED STATES

# US weighs selling Israel F-15s, JDAM bombs, air-to-air missiles – Reports

The US is mulling selling F-15 fighter jets, air-to-air missiles, and precision bombs to Israel as the US ally continues bombing Gaza and is preparing a ground operation in refugee-flooded Rafah, Politico reported on Monday, citing a congressional aide and a person familiar with the discussions.

The two countries are discussing a sale of up to 50 new F-15 fighter jets, 30 AIM-120 Advanced Medium-Range Air-to-Air Missiles, and a number of Joint Direct Attack Munition (JDAM) kits also known as 500lbs (230 kg) precision bombs, the report said.

The Biden administration has already notified some relevant congressional committees about its intention to sell the weapons to Israel, but the sale has not been yet formally approved and it could take years to deliver them, the report added.

This decision, if taken, could make other countries question the sincerity of the Biden administration's concern for the humanitarian situation in the Gaza Strip and once again emphasize the US' role in the Middle East escalation.

Russian president Vladimir Putin previously noted that the US discredit in every possible way those countries that insist on an immediate ceasefire in the Gaza Strip, on stopping the bloodshed, and are ready to make a real contribution to the settlement of the crisis.

"They [the US] do not need lasting peace in the Holy Land, they need permanent chaos in the Middle East," Putin said.

**Sputnik**

UNITED STATES

# SpaceX launches 22 more Starlink internet satellites into space

U.S. private space company SpaceX launched 22 more Starlink satellites into orbit on Monday.


The satellites were launched aboard a Falcon 9 rocket at 7:30 p.m. Pacific Time (0230 GMT Tuesday) Monday from Vandenberg Space Force Base in California, according to SpaceX.

Falcon 9's first-stage booster landed on the "Of Course I Still Love You" droneship stationed in the Pacific Ocean.

The company later confirmed the deployment of the 22 satellites.

Starlink will deliver high-speed broadband internet to locations where access has been unreliable, expensive or completely unavailable, according to SpaceX.

**Xinhua**




SpaceX launches 22 more Starlink internet satellites into space.

NIGERIA

# 13 killed in central Nigeria bus-truck crash: police

At least 13 people were killed when a truck rammed into a commercial bus in Nigeria's north-central state of Kogi recently, the traffic police said.

Two others were injured in the crash late Sunday at a market in the state's Obajana area, said Samuel Oyedeji, the commander for the Federal Road Safety Corps in Kogi, in a statement obtained Tuesday morning by Xinhua.

The driver of the truck lost control of the vehicle, which crashed into the parked bus, while passengers were buying goods at the market, Oyedeji said.

A fire broke out following the crash and "burned virtually all the passengers" inside the bus, the statement said.

The two vehicles, another truck and a motorcycle were razed by the fire, Oyedeji said, adding that the two injured victims were rushed to a nearby hospital.

**Xinhua**

RUSSIA

# Russian Intel Chief calls Israeli strike on Iranian Consulate in Syria terrorist attack

The strike of the Israeli air force on the territory of the Iranian embassy in Damascus is a terrorist attack, Russian Foreign Intelligence Service (SVR) Director Sergei Naryshkin said on Tuesday.

On Monday, Israel carried out an airstrike on the Iranian Consulate General building in Damascus, destroying the building. The Islamic Revolutionary Guard Corps (IRGC) has confirmed that the Israeli attack killed two IRGC generals and five officers.

"I am sure that the headquarters of the Foreign Intelligence Service already today has additional information, reactions from various countries to what happened, to this ugly, criminal step in relation to the sovereign state of Iran, and in relation to the sovereign state of Syria, on the territory of which this terrorist act was committed," Naryshkin told reporters.

**Sputnik**

SINGAPORE

# Singapore to expand regulation on digital payment token service providers

The Monetary Authority of Singapore (MAS) on Tuesday amended the Payment Services Act to expand the regulation scope and prevent digital payment token (DPT)service providers from money laundering and terrorism financing.

The amendment will bring more activities under regulation, including the provision of custodial services for DPTs, facilitation of the transmission and exchange of DPTs, and facilitation of cross-border money transfer between different countries. The amendment will take effect on April 4.

The MAS on Monday launched COSMIC, a digital platform to share customer information among financial institutions to combat money laundering, terrorism financing, and proliferation financing.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The microplastics lurking in your home - and how to avoid them (and why it might be time to buy a wooden chopping board)

- **The average person could be ingesting a credit card worth of plastic every week**
- **Microplastics has been linked to inflammation, respiratory problems and cancer**

From kitchen utensils to home furnishings and even children's toys, microplastics are everywhere — although you won't be able to see them.

Perhaps most alarmingly, tiny shreds of man-made material have even made their way into our food, water and air that we breathe.

In fact, the average person may be ingesting 5g of plastics a week — equivalent to eating a credit card, researchers say.

Studies have linked microplastics to the development of cancer, heart disease and dementia, as well as fertility problems. And there are fears they cause babies to be born dangerously underweight, but scientists admit the long-term effects are still a mystery.

So, how can you avoid them in your home? We asked the experts.

**Cleaning**

Even dust sitting in the crevices of your home can contain microplastics, particles that are less than 5mm wide.

In 2019 scientists estimated that about 16 bits of microplastics enter our airways every hour.

Inevitably, some of this comes from exposure in our own homes, given we spend so much time there. So, in theory, vacuuming and dusting regularly will help stop you ingesting as much.

But be careful what you use to clean, because you could unknowingly be making the problem even worse.

Cleaning items like sponges, microfiber cloths and kitchen brushes made from man-made fibres all shed microplastics as you use them, studies show.

Instead, experts recommend using products made of natural fibres, such as cotton and linen.




Experts say you can cut your exposure to microplastics by swapping out plastics in your home for natural materials, metal and glass.

**Avoid plastic chopping boards**

Although convenient and easy to clean, you might want to consider swapping your plastic chopping board for a wooden one.

That's because you could be ingesting microplastics just from chopping your food, as evidenced by the deep grooves and slash marks from mincing and slicing on the cutting boards.

A 2023 American Chemical Society study found plastic boards to be a substantial source of microplastics in human food.

Scientists measured the tiny particles released from plastic chopping boards which had been repeatedly struck with a kitchen knife.

They compared five people's chopping patterns on a plastic board, as well as other materials, while chopping carrots.

Food preparation could, their results suggested, produce 14 to 71 million pieces of one type of microplastic and 79 million of another from their respective boards each year.

Professor Krause says using a plastic chopping board could increase your exposure to microplastics in your food and says wooden boards would cause 'less micro-plastic generation through abrasion'.

**Avoid non-stick pans**

Non-stick pans have already been linked to the dangers of forever chemicals, but these cookware might also be releasing thousands of microplastics into your food.

Just a tiny scratch on a non-stick Teflon-coated pan could shed more than 9,000 microplastics, according to a 2022 study.

Australian researchers developed an algorithm to count how many tiny particles are released by such invisible scratches caused by day to day use.

Using this algorithm, researchers estimated that as many as 2.3million microscopic pieces of plastic could be released in the time it takes to cook a meal if the non-stick coating on a pan is broken.

Using stainless-steel, cast-iron or ceramic pots and pans is the best way to avoid extra exposure to microplastics, according to experts.

**Filter water**

In Europe about 72 percent of tap water samples contains plastic fibres, according to an analysis by WWF in 2019.

It's even worse in the US, with 95 per cent of samples found to contain plastics.

But boiling and filtering water is one way of stripping the majority of these microplastics from what we drink.

Researchers from Jinan University in China discovered that boiling water then filtering it with a coffee filter removed almost 90 per cent of microplastics that are linked to cancer and reproductive disorders.

These microplastics are so ubiquitous they were found in 129 of 159 tap water samples from 14 countries worldwide in the study.

Researchers found boiling water was particularly effective when used on 'hard' water, or water with large concentrations of minerals like calcium and magnesium.

**Buy natural fibres**

Many of our homes are draped in plastic materials, from the clothes we wear to our cushions, curtains, carpets and even children's cuddly toys.

While cheaper than natural alternatives man-made fibres can make their way into dust and the air we breathe in our homes.

Professor Fay Couceiro, an expert in environmental pollution at the University of Plymouth, explains that people exposed to extremely high microplastic concentrations could develop asthma-like symptoms, tissue damage and fibrosis.

But she reassured that you are unlikely to reach these toxic levels outside of an industrial setting where such fabrics are manufactured.

However, making a few swaps in your home will reduce the amount you breathe in, she says.

'Carpets have been associated with an increased number of microplastics in the air in homes, so swapping to non plastics carpets or removing carpets could reduce microplastics numbers,' Professor Couceiro told MailOnline.

She stressed that this doesn't just stop at carpets, other home furnishings such as sofa covers and cushions can also be swapped to natural fibres.

**Avoid single use packaging**

It's almost impossible to avoid plastic on food in modern life.

Fruit, veg, meat and microwave meals are all wrapped in plastic that we can end up eating, inadvertently.

But avoiding single use packaging, such as bottled water and ready meals, could help reduce how much you end up consuming.

'Foods may have microplastics within them but that is not something we can avoid,' warns Professor Couceiro.

To reduce your consumption of microplastics she suggests removing all single use packaging.

**Mail Online**

# အယ်နီညို၊ အပူလှိုင်းနှင့် မဖြစ်မနေသိထားရမည့် အပူဒဏ်ကာကွယ်ရေးနည်းလမ်းများ

ထက်မြတ်



ကမ္ဘာကြီးကတော့ တစ်နှစ်ပြီးတစ်နှစ်ကို ပိုပြီးတော့ပူလာနေလိုက်တာ ပေါင်းအိုးထဲရောက်နေတဲ့အလားပါပဲ။ အိမ်ထဲကနေ အိမ်ပြင်ကို ခြေတစ်လှမ်းလှမ်းလိုက်ပြီဆိုတာနဲ့ ပြင်ပအပူချိန်ကိုစပြီးခံစားရပါပြီ။

အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ရှိမယ်လို့တာဝန်ရှိသူတွေက ကြေညာထားပေမယ့်လည်း တစ်ကယ်တမ်းခံစားရတဲ့အပူချိန်က ၄၄ ဒီဂရီစင်တီဂရိတ်လောက်အထိရှိမယ်လို့ မိုးလေဝသခန့်မှန်းချက်တွေမှာ တွေ့ရပါတယ်။ ဒါဆိုရင်တော့ ပူလောင်မှုကို တော်တော်လေးကိုခံစားရမယ့် အခြေအနေပါ။

ဒီလိုအပူချိန်မြင့်တက်လာမှုဟာ သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုတော့ မဟုတ်ပါဘူး။ ရာသီဥတုပြောင်းလဲမှုနဲ့ အပူချိန်မြင့်တက်မှုကလည်း ဆက်စပ်နေပါတယ်။

ရာသီဥတုအခြေအနေတစ်ခုဖြစ်တဲ့ အယ်နီညိုကိုလည်း ဒီနေရာမှာ မေ့ထားလို့မရပြန်ပါဘူး။ ဒါ့အပြင် သူနဲ့ဆက်စပ်ပြီးဖြစ်ပေါ်လာတဲ့ အပူလှိုင်းဖြတ်မှုကလည်း အပူချိန်မြင့်တက်မှုကိုဖြစ်စေတဲ့အကြောင်းရင်းတစ်ရပ်ဖြစ်နေပြန်ပါတယ်။

ဒါဆိုရင် ကျွန်တော်တို့လူသားတွေအနေနဲ့ အပူချိန်မြင့်တက်မှုနဲ့ပတ်သက်ပြီး ရှောင်ရန်၊ ဆောင်ရန်တွေတော်တော်လေးကိုများမှာပါ။ ရှောင်ရန်၊ ဆောင်ရန်တွေကို မသိထားဘူးဆိုရင်တော့ အပူချိန်ပြင်းထန်မှုကြောင့် ရောဂါဝေဒနာ ခံစားရသူတွေထဲမှာ ကိုယ်လည်းတစ်ယောက်အပါအဝင်ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် စာချစ်သူပရိသတ်များသိထားသင့်တဲ့ အယ်နီညိုအကြောင်း၊ အပူလှိုင်းဖြတ်မှုအကြောင်းနဲ့ အပူချိန်မြင့်တက်နေချိန်မှာ အပူဒဏ်ကိုဘယ်လိုကာကွယ်မလဲဆိုတဲ့အကြောင်းတွေကို ဒီကနေတစ်ဆင့်ဖော်ပြပေးသွားပါမယ်။

## အယ်နီညို

အယ်နီညိုနဲ့ လာနီညာတို့ဆိုတာ ပစိဖိတ်သမုဒ္ဒရာအတွင်းမှာဖြစ်ပေါ်လေ့ရှိတဲ့ ရာသီဥတုအခြေအနေပုံစံများဖြစ်ပါတယ်။ အဲဒီရာသီဥတုပုံစံတွေက ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ရာသီဥတုအခြေအနေတွေအပေါ် များစွာသောသက်ရောက်မှု ရှိစေပါတယ်။

အယ်နီညိုနဲ့လာနီညာဆိုတာ ဆန့်ကျင်ဘက်ဖြစ်စဉ်နှစ်ခုပါ။ အယ်နီညိုက အလွန်ပူပြင်းတဲ့ရာသီဥတုကိုဖြစ်ပေါ်စေပြီး လာနီညာက အလွန်အေးခဲလွန်းတဲ့ရာသီဥတုကို ဖြစ်ပေါ်စေပါတယ်။

အယ်နီညိုရာသီဥတုအခြေအနေနဲ့ ရင်ဆိုင်ရပြီဆိုရင် ကမ္ဘာတစ်ဝန်းမှာ အပူချိန်တွေမြင့်တက်မယ်။ မိုးခေါင်ရေရှားမှုတွေဖြစ်မယ်။ တောမီးတွေလောင်မယ်။

အရင်တုန်းက အယ်နီညိုဖြစ်စဉ်ဆိုတာ နှစ်အနည်းငယ်ကြာမှ တစ်ခါဖြစ်လေ့ရှိတာပါ။ အခုနောက်ပိုင်းမှာတော့ နှစ်နှစ်တစ်ခါ၊ တစ်နှစ်တစ်ခါဆိုသလို ခပ်စိပ်စိပ်ဖြစ်လာနေပါပြီ။

၂၀၂၃-၂၀၂၄ ခုနှစ်အတွက် အယ်နီညိုရာသီဥတုဖြစ်စဉ်က ၂၀၂၃ ခုနှစ် ဇူလိုင်လ ၄ ရက်မှာ စတင်ဖြစ်ပွားတယ်လို့ ကမ္ဘာ့မိုးလေဝသအဖွဲ့က ထုတ်ပြန်ထားပါတယ်။

အဲဒီရဲ့သက်ရောက်မှုကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှသည် ၂၀၂၄ ခုနှစ် ဧပြီလအထိခံစားရနိုင်တယ်လို့ ပညာရှင်များရဲ့ သတိပေးချက်မှာတွေ့ရပါတယ်။

ဒီကာလတွေအတွင်းမှာ အပူလှိုင်းဖြတ်တာတွေ၊ အပူပိုင်းမုန်တိုင်းဖြစ်ပေါ်တာတွေ၊ မိုးသည်းထန်စွာရွာသွန်းတာတွေနဲ့ လေကြောင်းပြောင်းလဲတာတွေ ဖြစ်စေနိုင်မယ်လို့လည်း ပညာရှင်များကခန့်မှန်းထားပါတယ်။

ဒါ့အပြင် အခုလိုမျိုးအယ်နီညိုရာသီဥတုဖြစ်စဉ်ဟာ ရာသီဥတုပူနွေးမှုအခြေအနေကြောင့် ပိုမိုဆိုးရွားနိုင်ကာ ပျမ်းမျှကမ္ဘာ့အပူချိန်ကိုလည်း မြင့်တက်လာစေနိုင်ပါလိမ့်မယ်။ ဒီအတွက်ကြောင့် ၂၀၂၄ ခုနှစ်ဟာ စံချိန်တင်ပူမယ့်နှစ်တစ်နှစ်ဖြစ်လာနိုင်မှာ အသေအချာပါပဲ။

## အပူလှိုင်း

အပူလှိုင်းရိုက်ခတ်တယ်ဆိုတာ ရက်ပေါင်းများစွာကြာအောင် အပူချိန်က သာမန်ထက်မြင့်မားနေတဲ့ အခြေအနေမျိုးကို ခေါ်တာဖြစ်ပါတယ်။

ဒီလိုအပူချိန်မြင့်တက်နေချိန်မှာ လေထုခြောက်သွေ့မှုကြောင့် ခန့်မှန်းထားတဲ့အပူချိန်ထက် ပိုပြီးပူနေတယ်ဆိုတဲ့ခံစားချက်မျိုးကို ခံစားရစေပြန်ပါတယ်။

အပူလှိုင်းရိုက်ခတ်တာကို ပိုဆိုးစေအောင်တွန်းပို့နေသူက တခြားသူမဟုတ်ပါဘူး။ ရာသီဥတုပြောင်းလဲမှုပါပဲ။ သူ့ကြောင့် အပူလှိုင်းဖြတ်သန်းစီးဆင်းမှုဟာ အရင်ကထက်ပိုမိုနေ့ကွေးသွားပါတယ်။

ဒီအတွက်ကြောင့် အခုနောက်ပိုင်းမှာ အပူလှိုင်းဖြတ်ပြီဆိုရင် လူတွေကအပူချိန်မြင့်တက်မှုကာလကို အရင်ကထက်ပိုမိုကြာမြင့်စွာခံစားလာရတာပါ။

သိပ္ပံပညာရှင်တွေရဲ့ လေ့လာတွေ့ရှိချက်တွေအရဆိုရင် ၁၉၇၉ ခုနှစ်ကစလို့ ကမ္ဘာ့အပူလှိုင်းများဖြတ်သန်းစီးဆင်းမှုက ၂၀ ရာခိုင်နှုန်းပိုနှေးသွားတယ်လို့ သိရပါတယ်။ ဒါ့အပြင် အမြင့်ဆုံးအပူချိန်ဆိုတာတွေကလည်း ၄၀ ဒီဂရီစင်တီဂရိတ် အထက်တွေချည်းပါပဲ။

၁၉၇၉ ခုနှစ်ကနေ ၁၉၈၃ ခုနှစ်အထိ တစ်ကမ္ဘာလုံးမှာအပူလှိုင်းဖြတ်သန်းမှုက ပျမ်းမျှအားဖြင့် ရှစ်ရက်တာမျှသာကြာမြင့်ပါတယ်။ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အတွင်းမှာတော့ ၁၂ ရက်အထိကြာမြင့်လာပါတယ်။ ဒီနောက်ပိုင်းမှာဆိုရင် အဲဒီထက်ပိုကြာမယ့်အနေအထားပဲရှိပါတယ်။

အပူလှိုင်းဖြတ်မှုကိုရက်အရှည်ဆုံးခံစားရသူတွေက ဥရောပနဲ့အာရှဒေသပါ။ အပူလှိုင်းဖြတ်မှု အနှေးဆုံးနေရာက အာဖရိကဒေသဖြစ်ပါတယ်လို့ သိပ္ပံပညာရှင်များရဲ့သုတေသနမှာဖော်ပြထားပါတယ်။

ဒီတော့ ရာသီဥတုပြောင်းလဲမှုကြောင့် အပူလှိုင်းဖြတ်မှုဟာ ပိုမိုပြင်းထန်လာသလို ပိုပြီးတော့လည်း ရှည်ကြာလာတဲ့အတွက် လူတွေဟာ မုန့်ဖုတ်ဖိုထဲက မုန့်တွေလိုမျိုးမဖြစ်လာနိုင်ဘူးလို့ မပြောနိုင်တော့ပါဘူး။

## အပူဒဏ်ကာကွယ်ရေးနည်းလမ်းများ

အထက်မှာတော့ အပူချိန်မြင့်မားမှုအခြေအနေတွေ၊ အပူလှိုင်းဖြတ်မှုအခြေအနေတွေအစရှိတဲ့ အပူနဲ့ပတ်သက်တဲ့အကြောင်းတွေကိုဖော်ပြခဲ့ပြီးပါပြီ။

ဒါတွေကိုဖတ်ပြီး ဒီလိုအပူထဲမှာ ငါတို့ဘယ်လိုအသက်ရှင်ကျန်ရစ်အောင်နေရမလဲဆိုတဲ့ အတွေးရှိသူတွေအတွက် သိကိုသိထားသင့်တဲ့ အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်ဖော်ပြပေးသွားပါမယ်။

အခုဖော်ပြပေးမယ့် အပူဒဏ်ကာကွယ်ရေးနည်းလမ်းများဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ပေးထားတဲ့အချက်အလက်များဖြစ်လို့ ယုံကြည်စိတ်ချစွာလိုက်ပါလုပ်ဆောင်နိုင်ပါတယ်။

အပူလှိုင်းဖြတ်ချိန်မှာ မိမိတို့အနေနဲ့ အဓိကအကျဆုံးလုပ်ရမယ့်အရာက ကိုယ့်ကိုယ်ကိုယ်ဘေးကင်းအောင် ကာကွယ်နေထိုင်ခြင်းပါပဲ။

တစ်ကယ်လို့ ကိုယ့်အိမ်မှာ ကိုယ်နေတဲ့နေရာက အပူချိန်မြင့်တဲ့နေရာဖြစ်နေရင် အထူးသဖြင့် ညဘက်တွေမှာအေးနေလေ့ရှိတဲ့အခန်းကို ပြောင်းရွှေ့ရပါမယ်။

ကိုယ့်အိမ်ရဲ့ဘယ်နေရာမှာမှ အပူရှောင်လို့မရနိုင်ဘူးဆိုရင် လေအေးပေးစက်ဖွင့်ပေးထားတဲ့ အများနဲ့သက်ဆိုင်တဲ့ နေရာတွေမှာ ၂ နာရီမှ ၃ နာရီခန့်ကြာအောင်သွားနေပါ။ ဒီမှာဆိုရင်တော့ ဈေးဝယ်စင်တာလိုနေရာမျိုးတွေပေါ့။

နေ့အပူချိန်မြင့်မားလွန်းတဲ့အချိန်တွေမှာ အပြင်တွေကိုသွားတာလာတာ ရှောင်ရှားပါ။ ပြင်းထန်တဲ့ကိုယ်လက်လှုပ်ရှား အားကစားကိုမလုပ်ပါနဲ့။ မဖြစ်မနေလုပ်ရမယ်ဆိုရင်လည်း မနက်အစောပိုင်းလိုမျိုး အေးတဲ့အချိန်မှာသာလုပ်သင့်ပါတယ်။

အတတ်နိုင်ဆုံး အရိပ်ရတဲ့နေရာတွေမှာနေပါ။ ကလေးတွေ၊ အိမ်မွေးတိရစ္ဆာန်တွေကို ကားထဲမှာပိတ်ထားခဲ့မိတာမျိုး လုံးဝမဖြစ်ပါစေနဲ့။

အပူချိန်မြင့်တက်နေချိန်မှာ ခန္ဓာကိုယ်ကလည်း အပူတွေကိုချွေးအဖြစ်နဲ့တတ်နိုင်သလောက် စွန့်ထုတ်ပေးနေပါတယ်။ ဒါပေမဲ့ လေထုကခြောက်သွေ့နေတဲ့အခါ ချွေးတွေကလည်း ကိုယ့်ရဲ့ခန္ဓာကိုယ်ကို မအေးစေနိုင်တော့ပါဘူး။

ဒီအခါမှာ အပူကြောင့်ဖြစ်တဲ့ဝေဒနာတွေကို ခံစားရနိုင်ပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ခန္ဓာကိုယ်ကိုအေးစေဖို့နဲ့ ရေဓာတ်ပြည့်ဝနေစေဖို့ မဖြစ်မနေလုပ်ဆောင်ရမှာပါ။

နေပူထဲမှာ အပြင်ကိုမဖြစ်မနေထွက်ရမယ်ဆိုရင်လည်း ဦးထုပ်ဆောင်းတာ၊ နေကာမျက်မှန်တပ်တာ၊ ချည်သားအင်္ကျီတွေကိုသာ ဝတ်ဆင်တာမျိုးတွေလုပ်သင့်တဲ့အပြင် ရေကိုမကြာခဏသောက်တာ၊ အစာနည်းနည်းကို မကြာခဏစားတာမျိုးတွေကိုလည်း လုပ်ပေးသင့်ပါတယ်။

ဒါပေမဲ့ အရက်သောက်တာ၊ ကဖင်းဓာတ်နဲ့သကြားဓာတ်ပါတာတွေ အလွန်အကျွံသောက်တာ၊ အသားဓာတ်မြင့်မားစွာပါဝင်တဲ့အစားအစာတွေကို စားသုံးတာမျိုးတွေ မလုပ်ရပါဘူး။

တစ်ကယ်လို့များ ကိုယ်ကအားနည်း၊ နုံးချည့်၊ ရေအလွန်ဆာပြီး ခေါင်းကိုက်တာမျိုးတွေဖြစ်တယ်ဆိုရင်တော့ အရိပ်ရပြီးအေးမြတဲ့နေရာတစ်ခုကို အရင်ဆုံးသွားကာ ရေဒါမှမဟုတ် ဖျော်ရည်တစ်ခုခုကို သောက်လိုက်တာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

ခြေထောက်တွေ၊ လက်တွေ၊ ဗိုက်တွေမှာ ကြွက်သားနာကျင်တာတွေခံစားရတယ်ဆိုရင် အေးမြတဲ့နေရာတစ်ခုမှာ ချက်ချင်းအနားယူပြီး ဓာတ်ဆားရည်ကိုသောက်ပါ။ ဒီလိုမှ မသက်သာဘဲဖြစ်နေတာ ၁ နာရီလောက်ကြာသွားတယ်ဆိုရင် ဆရာဝန်နဲ့အမြန်ဆုံးပြပါ။

အထက်မှာတင်ပြခဲ့တာတွေကတော့ အပူချိန်မြင့်တက်မှုနဲ့ ရှည်ကြာမှုကြီးမားလှတဲ့ ဒီနေ့လိုအခြေအနေမျိုးတွေမှာ လူတိုင်းအတွက်အသုံးဝင်မယ့် သိကိုသိထားသင့်တဲ့ အပူဒဏ်နဲ့ အပူကြောင့်ဖြစ်တဲ့ဝေဒနာတွေကနေ ကာကွယ်ဖို့အတွက် နည်းလမ်းများဖြစ်ပြီး လိုက်နာကျင့်သုံးခြင်းအားဖြင့် ကျန်းမာပြီး အသက်ရှည်စွာနေနိုင်သူများဖြစ်ကြပါစေခင်ဗျာ။ ***Ref: WHO, Phys***

မနီလာ၊ အပူချိန်မြင့်တက်မှု

# ဖိလစ်ပိုင်၌ အပူချိန်အလွန်မြင့်တက်လာမှုကြောင့် စာသင်ကျောင်းများကို ခေတ္တရပ်နား



ဖိလစ်ပိုင်နိုင်ငံ၌ အပူချိန်အလွန်မြင့်တက်လာမှုကြောင့် ဧပြီလ ၂ ရက်တွင် စာသင်ကျောင်းများကို ခေတ္တရပ်နားလိုက်ကြောင်း သိရသည်။

ဧပြီလ ၂ ရက်တွင် မနီလာမြို့၏ အပူချိန်မှာ ၄၂ ဒီဂရီစင်တီဂရိတ်ရှိပြီး ဧပြီလ ၃ ရက်တွင် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်အထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။

ထို့ပြင် နိုင်ငံ၏မြို့တော်အများအပြားတွင်လည်း မနီလာမြို့ကဲ့သို့ အပူချိန်မြင့်တက်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ထို့ကြောင့် လူဇွန်ကျွန်း၊ အလယ်ပိုင်းကျွန်းစုများ၊ မင်ဒါနာအိုပြည်နယ်တောင်ပိုင်းကျွန်းတို့တွင် စာသင်ကျောင်းများကို ခေတ္တပိတ်ခြင်း၊ စာသင်ချိန်များကို လျှော့ချခြင်းများလုပ်ဆောင်ရကြောင်း ပညာရေးတာဝန်ရှိသူများကပြောသည်။

မတ်လ၊ ဧပြီလနှင့် မေလတို့သည် အပူပိုင်းဇုန်အတွင်းရှိ ဖိလစ်ပိုင်နိုင်ငံအတွက် ရာသီဥတုအပူဆုံးသောလများဖြစ်ပြီး ယခုနှစ်တွင်မူ အယ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်ပိုမိုမြင့်တက်မှုနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

အပူချိန် အလွန်မြင့်တက်လာသည့်အတွက် ယင်းနှင့်ဆက်စပ်နေသော ရောဂါဝေဒနာများကို ခံစားရနိုင်ခြေမြင့်တက်လျက်ရှိကြောင်း တာဝန်ရှိသူများက သတိပေးထားသည်ဟု သိရသည်။ ***Ref: Phys***

အဘူဂျာ၊ စီးပွားရေး

# စီးပွားရေးကျဆင်းမှုကြောင့် နိုင်ဂျီးရီးယားသမ္မတက ၎င်း၏လေယာဉ်များကို ရောင်းချရန်စီစဉ်

နိုင်ဂျီးရီးယားနိုင်ငံ၌ စီးပွားရေးကျဆင်းမှုနှင့်ရင်ဆိုင်နေရစဉ် အသုံးစရိတ်ချွေတာသည့်အနေဖြင့် သမ္မတစီးနင်းသည့် လေယာဉ်များအနက် သုံးစင်းကိုရောင်းချရန် သမ္မတဘိုလာတီနူဘူကစီစဉ်ကြောင်း ဒေသတွင်းသတင်းဌာနတစ်ခုက ဖော်ပြထားသည်။

သမ္မတစီးနင်းအသုံးပြုရန်ထားရှိသည့် လေယာဉ်အုပ်တွင် စုစုပေါင်းလေယာဉ်ခြောက်စင်းနှင့် ရဟတ်ယာဉ်လေးစင်းပါဝင်သည်။

ယခုအခါ အစိုးရအသုံးစရိတ်မြင့်တက်လာမှုကြောင့် သမ္မတအနေဖြင့် ၎င်း၏လေယာဉ်အုပ်မှ လေယာဉ်များကိုရောင်းချရန်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့မှ အမည်မဖော်လိုသူအရာရှိတစ်ဦးကပြောသည်။

တစ်ချိန်တည်းမှာပင် သမ္မတသည် ၎င်း၏လေယာဉ်များအတွက် အသုံးပြုနေရသည့် ပြုပြင်ထိန်းသိမ်းစရိတ်များမြင့်တက်လာခြင်းနှင့်ပတ်သက်၍ စိုးရိမ်နေကြောင်း အဆိုပါအရာရှိကဆက်ပြောသည်။

နိုင်ဂျီးရီးယားအစိုးရသည် သမ္မတ၏လေယာဉ်အုပ်အတွင်းရှိ လေယာဉ်များ ပြုပြင်ထိန်းသိမ်းစရိတ်အတွက် ၂၀၁၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်ကြားကာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၆၀ ခန့် လျာထားအသုံးပြုခဲ့ရသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ယခင်သမ္မတဟောင်း မူဟာမက်ဒူဘူဟာရီလက်ထက်တွင် သမ္မတအသုံးပြုနေသည့် လေယာဉ်နှစ်စင်းကို ဒေါ်လာ ၂၄ သန်းဖြင့် ရောင်းချရန်ကြိုးပမ်းခဲ့သော်လည်း အစိုးရကတောင်းဆိုသည့် ဈေးနှုန်းကိုပေးနိုင်သည့် ဝယ်သူမရှိခြင်းကြောင့် အရောင်းအဝယ်မဖြစ်ခဲ့ကြောင်း သိရသည်။

***Ref: RT***



ဟယ်ဆင်ကီ၊ ရာဇဝတ်မှု

# ဖင်လန်နိုင်ငံရှိ စာသင်ကျောင်းတစ်ကျောင်း၌ ပစ်ခတ်တိုက်ခိုက်မှုတစ်ခုဖြစ်ပွား

ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့အနီးရှိ စာသင်ကျောင်းတစ်ကျောင်း၌ ဧပြီလ ၂ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုတစ်ခုဖြစ်ပွားရာ ကျောင်းသားတစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

ပစ်ခတ်မှုသည် ဗန်တာမြို့ရှိ အလယ်တန်းကျောင်းတစ်ကျောင်း၌ နံနက်ပိုင်းတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွားပြီးနောက် သေနတ်သမားကို ဟယ်ဆင်ကီမြို့၌ ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ပစ်ခတ်မှုအတွင်း ကျောင်းသားတစ်ဦးမှာ နေရာတွင် ပွဲချင်းပြီးသေဆုံးသွားခြင်းဖြစ်ပြီး အခြားနှစ်ဦးကို တာဝန်ရှိသူများက ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ပေးလိုက်ရသည်။

ဖမ်းဆီးခံရသည့် သေနတ်သမားမှာ အဆိုပါကျောင်းမှ အသက် ၁၂ နှစ်ရှိ ကျောင်းသားတစ်ဦးဖြစ်ပြီး ၎င်းထံမှ တစ်လုံးထိုးသေနတ်တစ်လက်ကို ရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့သည်။

အဆိုပါတိုက်ခိုက်မှုအတွင်း အခြားအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များပါဝင်ခြင်းရှိ၊ မရှိကို ရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ***Ref: RT***

တီဟီရန်၊ အကြမ်းဖက်တိုက်ခိုက်မှု

# အီရန်က ကောင်စစ်ဝန်ရုံးကိုတိုက်ခိုက်သည့်အစ္စရေးကို လက်စားချေသွားမည်

ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးအဆောက်အအုံကို ဒုံးကျည်ဖြင့်တိုက်ခိုက်သည့်အစ္စရေးကို လက်စားချေသွားမည်ဖြစ်ကြောင်း အီရန်သမ္မတက ဧပြီလ ၂ ရက်တွင် ပြောသည်။

ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရမှုကြောင့် ကောင်စစ်ဝန်ရုံးအဆောက်အအုံဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ တပ်မှူးတစ်ဦးဖြစ်သည့် မိုဟာမက်ရီဇာ ဇာဟေဒီနှင့် ၎င်း၏လက်ထောက်အရာရှိကြီးတစ်ဦးအပါအဝင် လူခြောက်ဦးသေဆုံးကြောင်းနှင့် ယင်းတိုက်ခိုက်မှုအတွက် အီရန်က လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနတစ်ခုက ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုသည် ဧပြီလ ၁ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အစ္စရေးက ၎င်းတို့သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်ဒေသမှနေ၍ ဒမတ်စကပ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ဂိုလန်ကုန်းမြင့်ဒေသမှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်များအနက်အချို့ကို ဆီးရီးယားလေကြောင်းရန်ကာကွယ်ရေးစနစ်က ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ် ဇာဟရာ အီရာရှာဒီက အရေးပေါ်အစည်းအဝေးကျင်းပ၍ ထိုတိုက်ခိုက်မှုကို ကန့်ကွက်ရှုတ်ချရန် ကုလသမဂ္ဂထံတောင်းဆိုထားသည်။

ထိုတိုက်ခိုက်မှုအတွင်း သံရုံးအမှုထမ်းအချို့သေဆုံးရသော်လည်း အီရန်သံအမတ်ဟော့စိန်အက္ကဘာရီမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် ထိုကိစ္စနှင့်ပတ်သက်၍ အစ္စရေးအစိုးရက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

***Ref: Xinhua***



ဂျီနီဗာ၊ မတော်တဆမှု

# ဆွစ်ဇာလန်ရှိ ထင်ရှားသောတောင်ပေါ်စခန်းမြို့တစ်ခု၌ မြေပြိုမှုဖြစ်ပွား သုံးဦးသေဆုံး

ဆွစ်ဇာလန်နိုင်ငံရှိ ထင်ရှားသောတောင်ပေါ်စခန်းမြို့ဖြစ်သည့် ဇာမက်မြို့၌ မြေပြိုမှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

မြေပြိုမှုသည် နှင်းများဖုံးလွှမ်းနေသည့် ရစ်ဖယ်ဘာ့ဒေသ၌ ဧပြီလ ၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ရာသီဥတုဆိုးရွားသော်လည်း တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

မြေပြိုမှုအတွင်း သေဆုံးသူများမှာ မည်သည့်နိုင်ငံသားများဖြစ်သည်ကို ရဲတပ်ဖွဲ့က အသေးစိတ်ထုတ်ပြန်ထားခြင်းမရှိသော်လည်း သေဆုံးသူများအနက် တစ်ဦးမှာ အမေရိကန်နိုင်ငံသားဖြစ်ကြောင်း သတင်းဌာနအချို့က ဖော်ပြထားသည်။

ထို့ပြင် ယင်းဒေသအတွင်း နှင်းများထူထပ်စွာကျဆင်းပြီး လေပြင်းများ တိုက်ခတ်နေခြင်းကြောင့် အထူးသဖြင့် အယ်ပိုင်းတောင်တန်း၏ တောင်ဘက်ပိုင်း၌ သတိထားသွားလာကြရန် အာဏာပိုင်အဖွဲ့က သတိပေးချက်များထုတ်ပြန်ထားသည်။

ဆွစ်ဇာလန်နိုင်ငံ၌ ယခုရာသီအတွင်းမှာပင် မြေပြိုမှု ၁၂ ကြိမ်ဖြစ်ပွားခဲ့ရာ ထိုမြေပြိုမှုများအတွင်း သေဆုံးသူ ၁၄ ဦး ရှိကြောင်း သိရသည်။

***Ref: Xinhua***

နေပြည်တော်　ဧပြီ　၂

# တက်ဟုန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဒုတိယဝန်ကြီး ဦးမင်းမင်း လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည် တက်ဟုန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေ ၃ နာရီတွင် ရုံးအမှတ်-၃ အစည်းအဝေးခန်းမ-၁ ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကုန်စည်ပြပွဲများသို့ နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန် ပါဝင်ပြသသွားနိုင်ရေး၊ ကုန်သွယ်မှုလမ်းကြောင်းများ ပိုမိုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဆောင်ရွက်ရာတွင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကိုကျော်လွှားပြီး လုပ်ငန်းကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေး၊ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ထုတ်လုပ်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပြုရာတွင် ကုန်ပစ္စည်းအမယ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်　ဧပြီ　၂

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Smile Smile" Facebook အကောင့်နှင့် "ရတနာလေး ရတနာလေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ ရတနာမွှေးအား နံနက် ၈ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Aung Zin Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ၄ မိုင်ကံသာကျေးရွာနေ အောင်စိန်ထွန်းအား ညနေ ၅ နာရီ ၄၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၁၀၀)**

နေပြည်တော်　ဧပြီ　၂

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၈ ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

➢ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။

➢ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။

➢ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။

➢ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။

➢ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။

➢ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။

➢ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။

➢ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။

➢ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှသိုလှောင်ထားပါရန်။

➢ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။

➢ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV-HD)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညတိုင်းတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ ၁၃၈၆ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်တွင် ပြည်သူများပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရန် နှိုးဆော်သည့်အနေဖြင့် **"နှစ်သစ်မင်္ဂလာ-မဟာသင်္ကြန်"** တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၂)ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များဖြင့် ဖျော်ဖြေတင်ဆက်မှုအား (၅-၄-၂၀၂၄)ရက် (သောကြာနေ့) ညတွင် တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ရာ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၅-၄-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ**

**ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မြူမှောင်ဝေကင်း | ပြင်ပအဆိုရှင် |
| ၂။ | ဟောတော့ | ပြင်ပအဆိုရှင် |
| ၃။ | နှစ်သစ်ချစ်ဦး | ဌာနအဆိုရှင် |
| ၄။ | ရော့ခ်အင်ရိုးသင်္ကြန် | ပြင်ပအဆိုရှင် |
| ၅။ | ဘယ်လိုလူကြီးလည်း | ဌာနအဆိုရှင် |
| ၆။ | နှစ်သစ်မင်္ဂလာ | ပြင်ပအဆိုရှင် |
| ၇။ | ဗုံ ဗုံ ဗုံ | ပြင်ပအဆိုရှင် |
| ၈။ | ဖြူနီပြာဝါ | ပြင်ပအဆိုရှင် |
| ၉။ | ဆောရီးပါနော်ကိုကို | ပြင်ပအဆိုရှင် |
| ၁၀။ | ယိမ်းသမလေးရေ | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1" |

တောင်ကြီး ဧပြီ ၂

# တောင်ကြီးမြို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က အဂတိလိုက်စားမှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်း တန်ဖိုးများ၊ လိုက်နာစောင့်ထိန်းကျင့်သုံးရမည့် ကျင့်ဝတ်၊ စာရိတ္တဆိုင်ရာ ဝတ္တရားများ၊ တရားမျှတမှုဆိုင်ရာတန်ဖိုးများကို ပျက်စီးစေလျက်ရှိပါကြောင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအပေါ် ဆိုးကျိုးသက်ရောက်စေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ဦးတစ်ယောက်မှစ၍ ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံးပူးပေါင်းပါဝင်လာစေရန် အဂတိလိုက်စားမှုကို လက်မခံသည့်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းတစ်ခု ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုကို လာဘ်ပေးလာဘ်ယူမှုအဖြစ်သာ မှတ်ယူနေပါကြောင်း၊ အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူမှုထက် များစွာကျယ်ပြန့်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်အဖြစ်အသုံးပြုခြင်း၊ မလျော်ဩဇာသုံး၍ စီမံခန့်ခွဲခြင်း၊ ဆွေမျိုးကောင်းစားရေး၊ မိမိနှင့်နီးစပ်အဆင်ပြေသူကောင်းစားရေးအတွက် ကျင့်သုံးဆောင်ရွက်ခြင်းတို့အပြင် မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်းစသည့်အကြောင်းအရာဆောင်ရွက်ချက်များသည်လည်း အဂတိလိုက်စားမှုမြောက်သည့် အပြုအမူဆောင်ရွက်ချက်များဖြစ်ပါကြောင်း၊ အချုပ်အားဖြင့် အဂတိလိုက်စားမှုသည် မိမိကိုယ်ကျိုးစီးပွားအတွက် ကိုယ်ကျင့်တရားပျက်ယွင်းမှုမှ စတင်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း လုပ်ငန်းစဉ် (၃) ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းဖြင့် ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ပေါ်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှုသဘောသဘာဝများ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးသက်ရောက်မှုများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကိုမေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အဆင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်သည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ (၁) ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့- CPU အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး CPU အဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက်ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၅၀ | ၂၈၃၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၀ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၀ | ၂၉၆၀ | ၂၉၈၅ | ၂၉၇၀ | ၂၉၄၅ | ၃၀၄၅ | ၃၀၆၀ | ၂၉၅၀ | ၂၉၇၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၂၃၀ | ၃၄၃၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။




နေရောင်ခြည်နှင့်မထိတွေ့စေရန်ထီး၊ဦးထုပ်ဆောင်းပါ။

ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။

နေပူထဲသွားပါက နေကာမျက်မှန်တပ်ဆင်ပါ။

နေပူထဲသွားပါက နေရောင်ခံလိမ်းဆေးလိမ်းပါ။

ဧပြီလ၊ ၂၀၂၄ခုနှစ်

### ကြိုတင်ကာကွယ် အပူဒဏ် အန္တရာယ်

**လိုက်နာဆောင်ရွက်ရန် အချက်များ**

- အရိပ်ရ၍ အေးမြသောနေရာများတွင်သာနေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါလုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန်တပ်ဆင်ပါ။
- ရေများများသောက်ပါ။





**ရှောင်ကြဉ်ရန်အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ခြင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။



ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှပြုစုထုတ်ဝေသည်။

(ဧပြီလ၊ ၂၀၂၄)

## Myawady Digital Set Top Box

### ထုတ်နှုတ်ရှုမြင်အစီအစဉ်

၃-၄-၂၀၂၄(ဗုဒ္ဓဟူးနေ့)

**MWD Variety Channel**

၁။ ၁၀း၃၆ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၂း၂၄ ရောင်စုံပုံ့သင်းစာပန်းခင်း
၃။ ၁၆း၅၁ တိုင်းရင်းသားရိုးရာ အစားအစာချက်ပြုတ်ခြင်းအစီအစဉ်
၄။ ၁၇း၂၇ Knowledge Note

**မြဝတီရုပ်မြင်သံကြား**

၃-၄-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၆း၀၃ တရားတော်
၃။ ၇း၁၆ မေတ္တာပို့
၄။ ၇း၂၁ ဓမ္မပူဇာတေး
၅။ ၁၆း၀၈ မျိုးချစ်တပ်မတော်
၆။ ၁၆း၄၀ သီချင်းလက်ဆောင်

တောင်ကြီး၊ အားကစား

## နွေရာသီအခြေခံ အားကစားသင်တန်း ဆင်းပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ဧပြီလ ၁ ရက် နံနက်ပိုင်းတွင် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သင်တန်းသား၊ သင်တန်းသူများအား လိုက်လံနှုတ်ဆက်ပြီး ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုများပေးအပ်သည်။ ဆက်လက်၍ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဝူရှူးသင်တန်းသား၊ သင်တန်းသူများက အားကစားနည်းအလိုက် သရုပ်ပြသကြသည်။

အဆိုပါသင်တန်းကို မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၅၀၀ ဦးအား အားကစားနည်း ၂၀ မျိုးဖြင့် လေ့ကျင့်သင်ကြားပေးသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနည်းအမျိုးမျိုးမှ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **(၄၀၅)**

စဥ့်ကိုင်၊ စိုက်ပျိုးရေး

## ပျားများဖြင့်ဝတ်မှုန်ကူးခြင်းကြောင့် သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက ပျားများဖြင့်ဝတ်မှုန်ကူးပေးခြင်းကြောင့် တောင်သူများ၏သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အင်းဆက်လောကတွင် ပျားသတ္တဝါမှာ ဝတ်မှုန်ကူးစွမ်းဆောင်ရည်အမြင့်ဆုံးဖြစ်ပြီး လူသားအကျိုးပြု သတ္တဝါဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ဂေဟစနစ်များ ပျက်စီးဆုံးရှုံးခြင်းများ၏ကွက်လပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးစွမ်းဆောင်မှု ကမ္ဘာမြေအကျိုးပြုသတ္တဝါဖြစ်ကြောင်းနှင့် သီးနှံမျိုးစုံတို့၏ပန်းပွင့်များကို ပျားသတ္တဝါများမှ အဖို၊ အမ ဝတ်မှုန်ကူးပေးခြင်းကြောင့် စိုက်ခင်းပိုင်ရှင်များ၏သီးနှံ အရေအတွက်နှင့် အရည်အသွေးပါတိုးတက်ရရှိစေကြောင်းသိရသည်။

ယခင်က မိရိုးဖလာစိုက်ပျိုးနည်းဖြင့် ကြက်သွန်နီများစိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် နှစ်တင်း၊ သုံးတင်းသာထွက်ရှိကြောင်း၊ ယခုအခါ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ၏ ခေတ်မီနည်းစနစ်များဖြင့်စိုက်ပျိုးပြီး ပျားများဖြင့် ဝတ်မှုန်ကူးခြင်းကြောင့် တစ်ဧကလျှင် ၁၆ တင်းထိထွက်ရှိခဲ့ကြောင်း နန်းနီကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူဦးတင့်ထံမှသိရသည်။

ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲအနေဖြင့် ပျားမွေးမြူရေးသည် ပျားများဖြင့်ဝတ်မှုန်ကူးခြင်းကြောင့် သီးနှံအထွက်တိုးစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုသည့် လုပ်ငန်းဖြစ်ကြောင်းကို တောင်သူလယ်သမားများ သဘောပေါက်နားလည်သိရှိအောင် လက်တွေ့ပြသရှင်းလင်း၍ သီးနှံများအဖူးစထွက်ချိန်တွင်ဆက်သွယ်အကြောင်းကြားလာပါက ပျားပုံးများချထားပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှသိရသည်။

**ဝင်းဝင်းသန်း(စဥ့်ကိုင်)**

မိတ္ထီလာ၊ လူမှုရေး

## မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ကဗျာရေးစပ်နည်းလမ်းညွှန် သင်တန်းဖွင့်လှစ်



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်းဖွင့်လှစ်သော ကဗျာရေးစပ်နည်းလမ်းညွှန်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၁ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ တင်တော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်းတွင်ပို့ချမည့်သင်ခန်းစာများနှင့် သင်တန်းတွင်ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်မည့်အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ကျင်းပသော ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ဝန်ဇင်းအခြေခံပညာအလယ်တန်းကျောင်း Grade-4 မှ မောင်ဘုန်းခန့်ထည်အား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ဂုဏ်ပြုဆုပေးအပ်သည်။

အဆိုပါ ကဗျာရေးစပ်နည်းလမ်းညွှန်သင်တန်းကို ဧပြီလ ၁ ရက်မှ ၅ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၇ ဦး တက်ရောက်ကြောင်း သိရသည်။ **(၆၀၂)**

လိပ်သို၊ ဗဟုသုတရရှိရေး

## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

လူငယ်များ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာပေဝါသနာပါသူအချင်းချင်း ရင်းနှီးစေရန်အတွက် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ Book Club အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စာရေးဆရာ ဒေါက်တာကျော်စိန်ရေးသားသော လူငယ်လမ်းညွှန်စာအုပ်ဖြင့် ဧပြီလ ၂ ရက်တွင် စာဖတ်ဝိုင်းကျင်းပသည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်ခိုင်က စာဖတ်ဝိုင်းကျင်းပခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်အယူအဆများကို နှီးနှောဖလှယ်နိုင်ခြင်း၊ စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်ဗဟုသုတတိုးပွားစေခြင်း စသည့်အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သည့်အတွက် စာပေများဖတ်ရှုလေ့လာရန် လိုအပ်ကြောင်းနှင့် စာဖတ်ဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် စာရေးဆရာ ဒေါက်တာကျော်စိန်ရေးသားသည့် လူငယ်လမ်းညွှန်စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပရာ Book Club အဖွဲ့ဝင် စောအောင်ကိုဦးက လူငယ်နှင့်မလိုလားအပ်သောအလေ့အထများခေါင်းစဉ်မှ လူငယ်ဘဝတွင် ကိုယ်ဟန်အမူအရာ၊ အပြောအဆို၊ အဝတ်အဆင်တို့နှင့်ပတ်သက်သော အလေ့အထကောင်းများကို စတင်ပျိုးထောင်ဖို့လိုကြောင်း၊ ထို့အတူ အချိန်၊ ငွေ၊ အလုပ်တို့နှင့်ပတ်သက်၍လည်း အလေ့အထကောင်းများကို ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ အပေါင်းအသင်းဆက်ဆံမှုနှင့်ပတ်သက်၍ ယဥ်ကျေးလိမ္မာမှု၊ ကျေနပ်မှုပေးသယောင်ရှိသော်လည်း အနှစ်သာရအားဖြင့် ဘဝပျက်စီးကြောင်း လမ်းမပေါ်သို့အရောက်ပို့နေသော အကျင့်ဆိုးများကို ဖျောက်ဖျက်စေလိုကြောင်း စသည့်အကြောင်းအရာများကို အကျယ်တဝင့်ဆွေးနွေးသည်။

ယင်းနောက် စာဖတ်ဝိုင်း တက်ရောက်လာသူ Book Club အဖွဲ့ဝင်များက ဖတ်ကြားဆွေးနွေးခဲ့သောခေါင်းစဉ်များအပေါ် မိမိတို့၏အတွေးအမြင်၊ အယူအဆ၊ ခံယူချက် စိတ်ထားများကို အချင်းချင်း အပြန်အလှန် မျှဝေဖလှယ်ကြကြောင်း သိရသည်။

**ခင်လေးနွယ်(လိပ်သို)**

တောင်ငူ၊ ဗဟုသုတရရှိရေး

## တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီသင်တန်းဖွင့်လှစ်

နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို တန်ဖိုးရှိရှိ အသုံးချတတ်စေရန်နှင့်ဘက်စုံထူးချွန်ထက်မြက်သောလူငယ်လူရွယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ အခြေခံပန်းချီအခမဲ့သင်တန်းကို ဧပြီလ ၁ ရက်နံနက်ပိုင်းတွင် တောင်ငူခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ဖွင့်လှစ်သည်။

ရှေးဦးစွာ တောင်ငူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်ဗဟိုပန်းချီပန်းပုအစည်းအရုံးနာယက(တောင်ငူမြို့နယ်ပန်းချီပန်းပုအစည်းအရုံးနာယက)ပန်းချီဆရာ စိုးမြင့်လေး(တောင်ငူ)က အခြေခံပန်းချီရေးဆွဲနည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းအားဖွင့်လှစ်သင်ကြားသည်။

အဆိုပါသင်တန်းကို ဧပြီလ ၁ ရက်မှ ၉ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)ရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)ရှိ တည်ဆောက်ရေးလုပ်ငန်း(၂၉)ခုအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)တွင် ၂-၄-၂၀၂၄ ရက်နေ့မှ ၂၃-၄-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၂၄-၄-၂၀၂၄ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇၃၄၀၄၀၂၀၊ ၀၆၇၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝယ်ယူရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နေပြည်တော်နည်းပညာတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူစက်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)တွင် (၁-၄-၂၀၂၄) ရက်နေ့မှ (၂၃-၄-၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၂၄-၄-၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**




## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)ရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)ရှိ တည်ဆောက်ရေးလုပ်ငန်းတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)တွင် ၃-၄-၂၀၂၄ ရက်နေ့မှ ၂၂-၄-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၂၃-၄-၂၀၂၄ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇၃၄၀၄၀၂၀၊ ၀၆၇၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများတွင်အသုံးပြုရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ(မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ပစ္စည်းအရေအတွက် |
|---|---|---|
| (က) | ကွန်ပျူတာပရင်တာနှင့်ဆက်စပ်ပစ္စည်းများ | ၁၂၅၀ ခု |
| (ခ) | မီးစက်နှင့်ဆက်စပ်ပစ္စည်းများ | ၅၀ ခု |
| (ဂ) | Video Camera၊ CCTV နှင့် ဆက်စပ်ပစ္စည်းများ | ၁၀၄ ခု |
| (ဃ) | လေအေးစက်နှင့်ဆက်စပ်ပစ္စည်းများ | ၇၁ ခု |
| (င) | ဘဏ်လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ | ၁၁၀ ခု |
| (စ) | လုပ်ငန်းသုံးအခြားပစ္စည်းများ | ၁၄၉ ခု |
| (ဆ) | ရုံးသုံးစက်ကိရိယာများ | ၁၁၅၀ ခု |
| (ဇ) | ရုံးသုံးပရိဘောဂများ | ၈၆၆ ခု |

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၄-၄-၂၀၂၄ ရက်နေ့မှ ၃၀-၄-၂၀၂၄ ရက်နေ့အထိ(ရုံးချိန်အတွင်း)

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - ၃၀-၄-၂၀၂၄ ရက်(၁၆း၀၀)နာရီ

၄။ တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၂၆) နေပြည်တော်။

၅။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် - ဆက်သွယ်အကြောင်းကြားပေးပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၆၇၃၄၁၀၁၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအတွက်တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း
စုစုခိုင်(ဘ)ဦးကျော်ရွှေ ၆/ရဖန(နိုင်)၀၉၇၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၂၉၃၀၀၆၉**

### ပျောက်ဆုံးကြောင်း
ခေတ်ကံယျာ(ဘ)ဦးခေတ်လှိုင် ၁၂/တမန(နိုင်)၁၂၆၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 180212)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဇော်ဝင်းမောင်(ဘ)ဦးသက်ဝင်း ၁၀/မလမ(နိုင်)၂၃၇၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
အေးချမ်းဖြိုး(ဘ)ဦးအောင်ထွန်းကြည် ၅/မရန(နိုင်)၂၄၅၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 358592)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
စုန္ဒီအေး(ဘ)ဦးကြည်အေး ၅/ခတန(နိုင်)၀၃၂၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၉၉၄၂၀၉၇**

### ပျောက်ဆုံးကြောင်း
နန်းကျင်ဦး(ဘ)ဦးထွန်းမြစိန် ၃/ဘအန(နိုင်)၃၂၂၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 673773)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက် တော်ဝင်အိမ်ရာနေ ဦးမင်းသန်း ၉/ပသက(နိုင်)၀၇၅၃၆၁ ၏သား ဦးအောင်မင်းသူ(ခ)ဦးအောင်မင်းခန့် ၇/သကန(နိုင်)၁၃၀၈၈၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအောင်မင်းသူ(ခ)ဦးအောင်မင်းခန့်**

### ပျောက်ဆုံးကြောင်း
ဟိန်းထက်(ဘ)ဦးသာချို ၁၂/မဂဒ(နိုင်)၁၆၉၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 996064)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မျိုးဇော်(ဘ)ဦးကုလားကြီး ၉/တသန(နိုင်)၂၁၁၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 466035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၀၇၇၄၃၇**

### ပျောက်ဆုံးကြောင်း
လားရှိုးမြို့၊ နယ်မြေ(၂၀)၊ ရပ်ကွက်(၅)နေ မရှင်ချွင်လံ(ဘ)ဦးရှင်လောက်လုံ ၁၃/လရန(နိုင်)၂၆၆၉၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 667702)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၉၅၄၇၀၁၁**

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်နေ မောင်ဖြိုးဝေဇင်(ဘ)ဦးမြသန်း ၆/ဘပန(နိုင်)၀၄၈၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၁၀၀၉၄၂၀**

### ပျောက်ဆုံးကြောင်း
မစိုးနှင်းမွန်(ဘ)ဦးအောင်သန်း ၆/ကသန(နိုင်)၀၄၆၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၉၉၂၂၇၀၀**

### ပျောက်ဆုံးကြောင်း
ယုယုမာ(ဘ)သန်းလွင် ၁၄/အမတ(နိုင်)၀၁၄၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 512673)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း
ကျော်သူလင်း(ဘ)ဦးလှဟန် ၈/မလန(နိုင်)၁၁၆၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၇၉၉၅၁၀၉**

### ပျောက်ဆုံးကြောင်း
ခင်လေးရီ(ဘ)ဦးအင်းဟန် ၁၂/ရကန(နိုင်)၀၅၇၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 665973)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
သန်းသန်းစိုး(ဘ)ဦးကျင်သန်း ၁၄/ဝခမ(နိုင်)၂၂၇၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 340063)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၂၆၂၆၄၆၇**

### ပျောက်ဆုံးကြောင်း
စိုးမိုးသူ(ဘ)ဦးတင့်ဆွေ ၁၂/ဒဂရ(နိုင်)၀၁၉၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 163038)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၅၃၉၄၀၇**

### ပျောက်ဆုံးကြောင်း
စုလှိုင်အိ(ဘ)ဦးစိုးသိန်း ၁၂/ကခက(နိုင်)၀၆၃၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(902458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၉၁၈၂၂၃**

### ပျောက်ဆုံးကြောင်း
စိုးထက်အောင်(ဘ)ဦးအောင်ကြီး ၇/နတလ(နိုင်)၁၄၁၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 957644)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၁၀၂၁၄၂၃**

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့နယ်၊ ဖရဲကျေးရွာနေ ဇင်လင်းဦး(ဘ)ဦးခင်မောင်စန်း ၇/သနပ(နိုင်)၁၀၇၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 158639)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
နတ်မောက်မြို့နယ်၊ သာယာကုန်းရွာနေ မဥမ္မာ(ဘ)ဦးသိန်းပိုင် ၈/နမန(နိုင်)၂၂၂၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 436901)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ချမ်းအေးလင်း(ဘ)ဦးပေသီ ၇/ဒဥန(နိုင်)၁၆၄၇၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 067616)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၀၆၃၀၇၅**

### ပျောက်ဆုံးကြောင်း
မျိုးမြင့်အောင်(ဘ)ဦးအောင်ဆန်း ၁၃/တကန(နိုင်)၂၀၉၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 111308)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၅၄၄၉၆**

လန်ဒန်၊ ဘောလုံး

# လီဗာပူးအသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ နိုင်ပွဲ ၃၀၀ ပြည့်မြောက်သည့် စတုတ္ထမြောက်နည်းပြအဖြစ် ကလော့မှတ်တမ်းဝင်

လီဗာပူးအသင်းနည်းပြ ကလော့သည် လီဗာပူး အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ နိုင်ပွဲ ၃၀၀ ပြည့်မြောက်သည့် စတုတ္ထမြောက်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၀)အဖြစ် ကစားသည့် လီဗာပူးအသင်းက အိမ်ကွင်း၌ ဘရိုက်တန်အသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်အပြီးတွင် လီဗာပူးအသင်းနည်းပြ ကလော့သည် အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သည့် သက်တမ်းတစ်လျှောက် ပြိုင်ပွဲစုံ နိုင်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကလော့သည် ၂၀၁၅ ခုနှစ်က လီဗာပူးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းကို ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီး နှစ်ပေါင်း ၃၀ ကျော်ကြာ




ကွာဝေးနေသည့် ပရီးမီးယားလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့အပါအဝင် ဆုဖလားများစွာကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

ထို့ပြင် နည်းပြကလော့သည် ယခုဘောလုံးရာသီတွင်လည်း ကာရာဘောင်းဖလားဆွတ်ခူးပေးနိုင်ခဲ့သကဲ့သို့ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ပွဲစဉ်(၃၀)အပြီးတွင် ရမှတ် ၆၇ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ရပ်တည်နေပြီး ချန်ပီယံဆုအတွက် ရေပန်းအစားဆုံးဖြစ်နေကာ ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ထားသည့်အတွက် ဆုဖလားသုံးလုံးလမ်းကြောင်းပေါ်တွင် ရပ်တည်အောင် စွမ်းဆောင်ပေးထားသူဖြစ်သည်။

လီဗာပူးအသင်းသမိုင်းတစ်လျှောက် နည်းပြကလော့မတိုင်မီက နိုင်ပွဲ ၃၀၀ ပြည့်မြောက်သည့် နည်းပြများအဖြစ် ဘော့ပီယာစလေ၊ တွမ်ဝက်ဆန်၊ ဘီလ်ရှန်ကလေတို့က ရပ်တည်နေပြီး နည်းပြကလော့က စတုတ္ထမြောက်နည်းပြအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

လီဗာပူးအသင်းကို အောင်မြင်မှုများစွာရယူပေးနိုင်ခဲ့သည့် နည်းပြကလော့သည် အသင်းနှင့်စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသော်လည်း ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ***Ref;ESPN***

ဘာလင်၊ ဘောလုံး

# ဂျာမန်ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုအတွက် လက်လွှတ်လိုက်ရပြီဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်း နည်းပြတူချယ်လ်ပြော

ဘိုင်ယန်မြူးနစ်အသင်း နည်းပြတူချယ်လ်သည် ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုဘောလုံးရာသီတွင် ဂျာမန်ဘွန်ဒက်စ်လီဂါချန်ပီယံဆုအတွက် လက်လွှတ်လိုက်ရပြီဖြစ်ကြောင်း ပြောကြားသည်။

ယခုဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ၂၇ ပွဲကစားပြီးချိန်တွင် ရမှတ် ၆၀ ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာ၌သာရပ်တည်နေပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ရပ်တည်နေသည့် လေဗာကူဆင်အသင်းနှင့် ရမှတ် ၁၃ မှတ် ကွာဟခဲ့သည့်အတွက် လက်ကျန်ပွဲစဉ်များတွင် လေဗာကူဆင်အသင်းက သုံးပွဲအနိုင်ရရှိမည်ဆိုပါက ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ချန်ပီယံဆုကို လက်လွှတ်ရမည်ဖြစ်သည်။

ယခုဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှထွက်ခွာဖွယ်ရှိသည့် နည်းပြတူချယ်လ်က "ဒီပွဲစဉ်ပြီးတဲ့နောက်မှာ ရမှတ်တွေကို ရေတွက်ဖို့ ထပ်မလိုတော့ပါဘူး။ လေဗာကူဆင်အသင်းကို ဂုဏ်ပြုပါတယ်"ဟုပြောသည်။ ***Ref;Soccer News***

လန်ဒန်၊ ဘောလုံး

# အာဆင်နယ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဂိုးသမား ရမ်ဒဲလ်ကို နယူးကာဆယ်အသင်းက နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန်ပြင်ဆင်

နယူးကာဆယ်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် ဂိုးသမား ရမ်ဒဲလ်ကို ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ဂိုးသမား ရမ်ဒဲလ်သည် ၂၀၂၂ ခုနှစ်က ရှက်ဖီးလ်ယူနိုက်တက်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီတွင် အမှားအယွင်းများရှိခဲ့သည့်အတွက် ယခုဘောလုံးရာသီတွင် အသင်းသို့ ဘရန့်ဖို့ဒ်အသင်းမှ ဂိုးသမား ဒေးဗစ်ရိုင်ယာပြောင်းရွှေ့လာပြီးနောက် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ကာ အရန်ဂိုးသမားအဖြစ်သာ ပါဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာကလည်း ရမ်ဒဲလ်၏ မတည်ငြိမ်သည့်လက်စွမ်းများကြောင့် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဂိုးသမားဒေးဗစ်ရိုင်ယာကို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဒေးဗစ်ရိုင်ယာကိုသာ အဓိကအသုံးပြုနေခြင်းဖြစ်သည်။

ရမ်ဒဲလ်ကိုယ်တိုင်ကလည်း အာဆင်နယ်အသင်းတွင် ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပွဲထွက်ခွင့်ရရှိမည့်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားပြီး ၎င်းကို ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူရန်စောင့်ကြည့်နေသည့်အတွက် နယူးကာဆယ်အသင်းအနေဖြင့် အပြိုင်ကမ်းလှမ်းရဖွယ်ရှိကြောင်း သိရသည်။ ***Ref;Dailymail***

ရီယက်၊ ဘောလုံး

# ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၏ ၂၀၂၄ ခုနှစ် မတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို အယ်နာဆာအသင်း တိုက်စစ်မှူးစီရော်နယ်ဒို ဆွတ်ခူးရရှိ

ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၏ ၂၀၂၄ ခုနှစ် မတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို အယ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုက ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ယခုဘောလုံးရာသီတွင် မတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုရရှိခဲ့ပြီးနောက် ယခုဘောလုံးရာသီအတွင်း လေးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလတို့တွင်ရရှိခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် မတ်လအတွင်းကစားခဲ့သည့် ပွဲစဉ်များတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့်အတွက် အယ်ဟီလယ်အသင်းမှ မီထရိုဗစ်ကို ကျော်ဖြတ်ပြီး တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် တစ်လတာအကောင်းဆုံးကစားသမားဆုကို ၁၆ ကြိမ်မြောက်အဖြစ် ရရှိခဲ့ခြင်းဖြစ်ပြီး အကြိမ်ရေအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည်။

စီရော်နယ်ဒိုသည် တစ်လတာအကောင်းဆုံးကစားသမားဆုကို မန်ယူအသင်းနှင့် ခြောက်ကြိမ်၊ ရီးယဲလ်မက်ဒရစ်အသင်းနှင့် သုံးကြိမ်၊ ဂျူဗင်တပ်စ်အသင်းနှင့် နှစ်ကြိမ်၊ အယ်နာဆာအသင်းနှင့် ငါးကြိမ်ဆွတ်ခူးရရှိထားကြောင်း သိရသည်။

***Ref;The Athletic***



နေပြည်တော် ဧပြီ ၂

# HEV/ EV ကားများဆိုင်ရာ အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှု စံရေးဆွဲရေးညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန် တက်ရောက်



HEV/ EV ကားများနှင့်ပတ်သက်သည့် အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုစံရေးဆွဲရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့အစည်း အဝေးခန်းမ ဇဝနသိဒ္ဓိရပ်ကွက် ချင်းရွာအနီး သီရိရတနာလမ်းနှင့် နေကြာ(၈)လမ်းထောင့် နေပြည်တော်၌ကျင်းပရာ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သတ္တုနှင့်အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ၊ စံကော်မတီဝင်များ၊ ကျွမ်းကျင်မှုစံရေးဆွဲကြမည့် Technical Working Group (TWG) အဖွဲ့ဝင်များ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC)၊ NSSA မှ အဖွဲ့ဝင်များနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်၏မူဝါဒများတွင် တစ်ခုအပါအဝင်ဖြစ်သော EV ကားများနှင့်ပတ်သက်၍ လုပ်သားဈေးကွက်နှင့်ကိုက်ညီသော အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများရေးဆွဲသတ်မှတ်နိုင်ရေး အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ အလုပ်အကိုင်တစ်ခုအတွက် ကျွမ်းကျင်မှုစံများရေးဆွဲရာတွင် ဝန်ကြီးဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍မဖြစ်နိုင်သဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ဆက်စပ်ကော်မတီများ၊ ကျွမ်းကျင်မှုစံရေးဆွဲကြမည့် ကျွမ်းကျင်ပညာရှင်များကို ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း။

အလုပ်သမားဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိသည့် NSSA လုပ်ငန်းစဉ်များကို တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍မရသဖြင့် လုပ်ငန်းကဏ္ဍမျိုးစုံအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အလုပ်ရှင်/အလုပ်သမားအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ NSSA အနေဖြင့် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစံရေးဆွဲရန် ၂၇၆ မျိုး စာရင်းရရှိထားပြီး ကျွမ်းကျင်မှုစံ ၉၂ မျိုးကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း။

EV ကားများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက်၊ ကော်မတီအလိုက်ဆောင်ရွက်ထားရှိမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးပေးရန်နှင့် ကျွမ်းကျင်မှုစံရေးဆွဲကြမည့် ကျွမ်းကျင်ပညာရှင်များအနေဖြင့် EV ကားများနှင့်ပတ်သက်၍ လုပ်သားဈေးကွက်နှင့်ကိုက်ညီသော အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုစံများကို ခေတ်နှင့်အညီ ရေးဆွဲအတည်ပြုသတ်မှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် EV ကားများနှင့်ပတ်သက်၍ ကျွမ်းကျင်မှုစံရေးဆွဲမည့် အလုပ်အကိုင်အမည်များ အတည်ပြုသတ်မှတ်ခြင်း၊ ကျွမ်းကျင်မှုစံရေးဆွဲမည့် Timeline သတ်မှတ်ခြင်း၊ Technical Working Group မှ ကျွမ်းကျင်မှုစံမူကြမ်းရေးဆွဲမှု အခြေအနေကိုပြန်လည်သုံးသပ်နိုင်ရေး ပုံမှန်လစဉ်အစည်းအဝေးကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် နမ့်လန်း-ဟိုတိ-မန်ကျောင်း-ပန်ရှင် ဖောက်လုပ်ပြီး မြေလမ်း ၆ မိုင်ပေါ်တွင် ကျန် ၁ မိုင် ၄ ဖာလုံ အပြီးသတ်ကျောက်ခင်းခြင်းနှင့် ၅×၅×၂၆ ပေ Box Culvert လေးစင်း တည်ဆောက်ခြင်း ရာနှုန်းပြည့်ပြီးစီး



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉၉ ဒသမ ၂၇၀ သန်းဖြင့် ဆောင်ရွက်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် နမ့်လန်း-ဟိုတိ-မန်ကျောင်း-ပန်ရှင် ဖောက်လုပ်ပြီး မြေလမ်း ၆ မိုင်ပေါ်တွင် ကျန် ၁ မိုင် ၄ ဖာလုံ အပြီးသတ် ကျောက်ခင်းခြင်းနှင့် ၅×၅×၂၆ ပေ Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆိုပါလမ်းဆောင်ရွက်ပေးနိုင်မှုကြောင့် မိုင်းရယ်မြို့နှင့် ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၁၁၅၈၊ လူဦးရေ ၅၀၅၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးတို့အတွက် များစွာ အကျိုးပြုသည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၄၉၈၇ ဒသမ ၄၈၃ သန်းဖြင့် မြေလမ်း ၂၈ မိုင်၊ အမာခံလမ်း ၅ မိုင်၊ ကျောက်လမ်း ၁၃ မိုင် ၂ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ ၁ ဒသမ ၆ ဖာလုံ၊ ကွန်ကရစ်လမ်း ၆ ဒသမ ၇ ဖာလုံ၊ ကွန်ကရစ်တံတား တစ်စင်း၊ Box Culvert ၁၉ စင်း၊ ရေကျော် တစ်စင်း၊ ပညာရေးလုပ်ငန်း လေးခု၊ သာသနာရေးလုပ်ငန်း ငါးခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း တစ်ခုနှင့် ဦးစီးဌာနလုပ်ငန်း ငါးခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂

# မိုင်းဆတ်နှင့် နမ့်စန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၃၀ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် မိုင်းဆတ်မြို့နယ်၊ မယ်ဆွမ်တောင်ကျေးရွာအုပ်စု၊ ဝိန်းလိတ်ကျေးရွာအနီးတွင် အဲဘို မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်နှင့် ကျအူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကိုလည်းကောင်း။

မတ်လ ၃၁ ရက် ၁၂ နာရီခွဲတွင် နမ့်စန်မြို့နယ်၊ နမ့်မော်ခေါက်ဆင့်ကျေးရွာအနီးတွင် စံမြင့်ဦး မောင်းနှင်လာသည့် TOYOTA CROWN အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၄ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**






နေပြည်တော် ဧပြီ ၂

# နေပြည်တော် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း ၂၀ ဒသမ ၀၆၃၆ တန်၊ သစ်မာ ၁၀ ဒသမ ၉၁၅၈ တန်၊ အခြား ၅၁ ဒသမ ၁၃၈၈ တန် စုစုပေါင်း ၈၂ ဒသမ ၁၁၈၂ တန်၊ ယာဉ်/ယန္တရား ခုနစ်စီး၊ တရားခံရှစ်ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂

# တရားမဝင်စက်သုံးဆီများ၊ ကျောက်စိမ်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များဖမ်းဆီးရမိ



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၁ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဧရာဝတီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ်၊ အောက်ကိုင်းကျေးရွာ၌ တရားမဝင်စက်သုံးဆီဓာတ်ဆီဂါလန် (၅၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)၊ အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် မင်းတုန်းမြို့နယ်၊ ညောင်ကြပ်ကျေးရွာအနီး၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၂၁)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၄၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Luojia 110 မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀)တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၈၉၄၀၀)**ကိုဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၁ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ နောင်ချိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသည့် ကျောက်လက်ကောက်ကွင်း (အချော)ဆိုဒ်စုံ ကီလိုဂရမ် (၆၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Crown (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စစ်ကိုင်းတံတား၊ နွာပေါက်အနီး၌ ဆီသယ်ယာဉ်(၂)စီးပေါ်မှ တရားမဝင် စက်သုံးဆီဓာတ်ဆီ (92 Ron) (၁၅၃၉၈)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၁၅၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီး၊ Chenglong Tractor Head (၁)စီးနှင့် ဆီသယ်နောက်တွဲယာဉ်(၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၁၁၅၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ်စားသောက်ကုန်များဖြစ်သည့် ကြက်သားတုံး (၃၂၈၈)ထုပ်၊ ANJOY တံဆိပ်ပါ အသားလုံး(၇၂၈)ထုပ် အပါအဝင် စားသောက်ကုန်ပစ္စည်း(၁၈)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇၉၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီလ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၆၃၅၄၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

---

**In the matter of Intelligent Elevators & Escalators Company Limited**
**(In Members' Voluntary Winding-up)**
**[Under Section 147 of Insolvency Law & Rules 9 & 15 (b) of Insolvency Rules]**

Pursuant to Section 156 (b) of the Myanmar Companies Law the following resolutions were passed as Special Resolutions, on March 29, 2024 by the sole Member of Intelligent Elevators & Escalators Company Limited.

(1) Resolved that the Company be and is hereby wound up voluntarily as Members' Voluntary Winding-up under the Insolvency Law.

(2) Resolved that Daw Hnin Su Mon (B.Com, C.P.A, D.B.L, ACCA, Member of Myanmar Association of Insolvency Practitioners Inc.), holder of Citizenship Scrutiny Card No. 12/Ma Ya Ka (Naing) 114749, Senior Manager of WIN Consulting Limited of Room No. 2D, 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar, be and is hereby appointed as Liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

S/d Liquidator of Intelligent Elevators & Escalators Company Limited
(In Members' Voluntary Winding-up)

**In the matter of City Transit Company Limited**
**(In Creditors' Voluntary Winding-up)**
**[Under Section 147 of Insolvency Law & Rules 9 & 15 (b) of Insolvency Rules]**

Pursuant to Section 156 (b) of the Myanmar Companies Law the following resolutions were passed as Special Resolutions, on March 29, 2024 by the sole Member of City Transit Company Limited.

(1) Resolved that the Company be and is hereby wound up voluntarily as Creditor's Voluntary Winding-up under the Insolvency Law.

(2) Resolved that Daw Hnin Su Mon (B.Com, C.P.A, D.B.L, ACCA, Member of Myanmar Association of Insolvency Practitioners Inc.), holder of Citizenship Scrutiny Card No. 12/Ma Ya Ka (Naing) 114749, Senior Manager of WIN Consulting Limited of Room No. 2D, 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar, be and is hereby appointed as Liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

S/d Liquidator of City Transit Company Limited
(In Creditors' Voluntary Winding-up)

## ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၄-၂၀၂၅)ခု ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း/ရေအရင်းအမြစ်)မှ မိုးမတိုင်မီဆောင်ရွက်မည့် ရေဘေးကာကွယ်ရေးတာများ အခိုင်အမာပြုပြင်ခြင်း၊ ချောင်းကော၊ ရေနုတ်မြောင်းကောများတူးဖော်ခြင်း၊ ရေပေးမြောင်းများတူးဖော်ခြင်းနှင့်ရေတံခါးရွက်များအသစ်လဲလှယ်တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းတင်ဒါများနှင့် တည်ဆောက်ရေးသုံးပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်<br>လုပ်ငန်း/ပစ္စည်းတင်ဒါ | - (၄-၄-၂၀၂၄)ရက်နေ့မှ<br>(၅-၄-၂၀၂၄)ရက်နေ့ထိ<br>- နံနက်(၉း၃၀)နာရီမှ ညနေ(၄း၃၀)နာရီထိ |
| (ခ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်<br>လုပ်ငန်း/ပစ္စည်းတင်ဒါ | - (၁၀-၄-၂၀၂၄)ရက်နေ့မှ<br>(၁၁-၄-၂၀၂၄)ရက်နေ့ထိ<br>- ညနေ(၄း၃၀)နာရီ နောက်ဆုံးလက်ခံပါမည်။ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်<br>လုပ်ငန်း/ပစ္စည်းတင်ဒါ | - (၂၃-၄-၂၀၂၄)ရက်နေ့ နံနက်(၁၀း၀၀)နာရီ |
| (ဃ) | တင်ဒါလျှောက်လွှာရောင်းချ/ဖွင့်လှစ်မည့်နေရာ | - ညွှန်ကြားရေးမှူးရုံး၊<br>ဆည်မြောင်းနှင့်ရေအသုံးချမှု<br>စီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊<br>ပဲခူးမြို့။ |

၂။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာရှိ ရုံးနှင့်လုပ်ငန်းတည်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးမြို့သို့ လာရောက်စုံစမ်းနိုင်ပြီး ဖုန်း-၀၅၂-၂၂၃၀၀၃၅၊ ၀၅၂-၂၂၃၀၂၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် ဖော်ပြပါရက်များပြောင်းလဲပါက ကြိုတင်၍ ထပ်မံအသိပေးအကြောင်းကြားပါမည်။

**မှတ်ချက်။ ။ တည်ဆောက်ရေးပစ္စည်းတင်ဒါတင်သွင်းခြင်းအတွက် (၂၀၂၄)ခုနှစ်အတွင်း စမ်းသပ်ထားသော ဓာတ်ခွဲခန်းအဖြေ(မူရင်း)များ လိုအပ်ပါသည်။**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၄ ခုနှစ်၊ မေလအတွက် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ(High Speed Diesel)၊ ပရီမီယံဒီဇယ်ဆီ(Premium High Speed Diesel)နှင့် ဓာတ်ဆီ(Octane-92)တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၂၅-၄-၂၀၂၄ ရက်နေ့(၁၃း၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၃-၄-၂၀၂၄)ရက်နေ့မှစ၍ (၂၃-၄-၂၀၂၄) ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
ဝေဝေလွင်(ဘ)ဇော်ထွန်းအောင် ၁၂/သကတ(နိုင်)၁၉၀၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(912854)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၈၈၃၂၂၁၃**

**ပျောက်ဆုံးကြောင်း**
အိအိခိုင်(ဘ)ဇော်ထွန်းအောင် ၁၂/သကတ(နိုင်)၁၉၄၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 871984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၈၈၃၆၄၀၅၁**

**ပျောက်ဆုံးကြောင်း**
သင်းကလျာအောင်(ဘ)အောင်ကျော် ၅/ရဥန(နိုင်)၁၂၄၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၃၇၆၉၁၇၃**

**ပျောက်ဆုံးကြောင်း**
စိုးစန္ဒာ(ဘ)ဦးစိုးနိုင် ၇/အတန(နိုင်)၁၅၆၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
အောင်စံလင်း(ဘ)ဦးကျော်စိန် ၈/နမန(နိုင်)၂၁၆၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 358076)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၈၈၄၇၉၃၂**

**ပျောက်ဆုံးကြောင်း**
လှိုင်မြင့်ထွေး(ဘ)ဦးစံတင် ၁၂/ကမတ(နိုင်)၀၇၆၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ချောက်မြို့၊ ရွှေတွင်းကုန်းရပ်နေ မစုမွန်ဦး(ဘ)ဦးမောင်ထွေး ၈/မမန(နိုင်)၁၃၄၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 854293)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

သွေးသည်အသက် အသက်သည်သွေး သင့်သွေးဖြင့် အသက်ကယ်ပါ


ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
အပ်ငွေစာရင်းနှစ်မျိုး ချိတ်ဆက်ပေးခြင်း
ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း
INNWA BANK
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁
ငွေစု ဘဏ် စာအုပ်
SAVINGS PASS BOOK
INNWA BANK LIMITED
MPU
AUTHORIZED SIGNATURE
NOT VALID UNLESS SIGNED


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ မိမိတို့တပ်မတော်သည် တိုင်းပြည်၏နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ်မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည်ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေ···

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်ပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဧပြီလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘော ၅၀ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မှုပြုမည်

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဧပြီလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘောလိုင်း ၁၅ လိုင်းမှ ကုန်တင်သင်္ဘော ၅၀ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မှုပြုမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ သိရသည်။

ဧပြီလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မှုပြုမည့် နိုင်ငံတကာကုန်တင်သင်္ဘောလိုင်းများဖြစ်သော MAERSK A/S သင်္ဘောလိုင်းမှ ခုနစ်စင်း၊ SAMUDEMA သင်္ဘောလိုင်းမှခြောက်စင်း၊ COSCO သင်္ဘောလိုင်းမှ ငါးစင်း၊ CMA-CGM သင်္ဘောလိုင်းမှလေးစင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

# ရောဝတီမြစ်ရေမြင့်တက်သဖြင့် မြစ်ကြောင်းများအတွင်းသွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်

**နေပြည်တော် ဧပြီ ၂**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့တွင် ၄၈၅ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ၃၆ နာရီအတွင်း ၉ ပေခန့် မြင့်တက်ခဲ့ပါသည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက်တစ်ရက်မှ ငါးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၆ ပေမှ ၇ ပေခွဲခန့်၊ နောက်ငါးရက်မှ ရှစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄ ပေခွဲမှ ၆ ပေခန့်၊ နောက်ရှစ်ရက်မှ ၁၃ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃ ပေခွဲမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-မန်စီ-ရန်ကုန် Cargo ခရီးစဉ် စတင်ပျံသန်းပြေးဆွဲ



**နေပြည်တော် ဧပြီ ၂**

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလေကြောင်းခရီးစဉ်များ (Cargo Flight) ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်ပျံသန်းပြေးဆွဲလျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလ ၃ ရက်မှစ၍ Boeing 737-800 လေယာဉ်ဖြင့် ရန်ကုန်- မန်စီ-ရန်ကုန် Cargo Flight အား အောက်ဖော်ပြပါအချိန်ဇယားအတိုင်း တစ်ပတ်လျှင် နှစ်ရက်တိုးချဲ့ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

| Date | From-To | Flight No. | Departure (Local Time) | Arrival (Local Time) |
|---|---|---|---|---|
| 2 Times Per Week (Wednesday, Sunday) | Yangon-Mangshi | UB-8101 | 10:20 | 13:40 |
| | Mangshi-Yangon | UB-8102 | 15:00 | 15:20 |

**၂-၄-၂၀၂၄**

**ထူးခြားသည့် နေ့အပူချိန်များ**

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၄ | ဒီဂရီဆဲလ်စီးယက် | မကွေး | ၄၂ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၃ | ဒီဂရီဆဲလ်စီးယက် | တောင်တွင်းကြီး | ၄၂ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၂ | ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၄၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၂ | ဒီဂရီဆဲလ်စီးယက် | ပြည် | ၄၂ | ဒီဂရီဆဲလ်စီးယက် |

